၁၉၉၅ ခု အောက်တိုဘာလမှစတင်၍ အပတ်စဉ်ထုတ်ဝေသည်

# Voice of Burma

Published by Voice of Burma Information Group Issue No.795, JANUARY 2, 2011

APTO 502, 7-18-1 , Takinogawa , Kita-Ku, Tokyo 114-0023, JAPAN
Tel/Fax: 81 3-3949-3919, E-mail: sayarkway@yahoo.com , koko@gol.com

## ပြည်သူ့ နိုင်ငံရေး လူမှုရေး ကွန်ယက် ထူထောင်ဖို့ နှစ်သစ်မှာ ဒေါ်စုတိုက်တွန်း

**VOA ၊ ဒီဇင်ဘာ ၃၁ ။ ။** မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ နှစ်သစ်နှုတ် ခွန်းဆက် ထုတ်ပြန်ချက်ထဲမှာ မြန်မာနိုင်ငံ အမျိုးသားပြန်လည်သင့်မြတ် ရေးနဲ့ စစ်မှန်တဲ့ပြည်ထောင်စု စိတ်ဓါတ် ပြန်လည် နိုးထလာဖို့အတွက် ပြည်သူ့နိုင်ငံရေး လူမှုရေးကွန်ယက်ကြီး တရပ် ထူထောင်ရမယ်လို့ဆိုပါ တယ်။

ပြီးခဲ့တဲ့ ကာလ အတွင်း ဒေါ်အောင်ဆန်းစုကြည်ရဲ့ နိုင်ငံရေး ရည်မှန်းချက်တွေ ကြိုးပမ်းချက်တွေအတွက် ထောက်ခံ အားပေးတဲ့ ပြည်တွင်းပြည်ပ အစိုးရတွေ အဖွဲ့အစည်းတွေ ပြည်သူတွေကို ကျေးဇူးတင်ကြောင်းလည်း ဖော်ပြပါတယ်။ လာမယ့် နှစ်မှာလည်း ခွန်သစ်အားသစ် လုပ်ငန်းပုံစံသစ်တွေနဲ့ ဆက်လက်ပြီး ပူးပေါင်းဆောင်ရွက်သွားကြဖို့ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် ဗွီအိုအေ မြန်မာပိုင်းကတဆင့် နှစ်သစ် နှုတ်ခွန်းဆက် ပြောကြား ထားပါတယ်။

"နှစ်ဟောင်းလွန်မြောက် နှစ်သစ်ရောက်ချိန်တွင် ကျမ၏ နိုင်ငံရေးဘဝဖြတ်သန်းမှုကို ပြန်လည် သုံးသပ်ကြည့်သောအခါပြည်သူလူထု၏ ဒီမိုကရေစီရေးနှင့် လူ့အခွင့်အရေးအတွက် ကြိုးပမ်းသည့်ကာလ နေအိမ်အကျယ်ချုပ် ကျခံနေရသည့်ကာလ၊ ပြန်လည်လွတ်မြောက်လာသည့်ကာလ ဟူ၍ ကာလသုံးပါးကို တွေ့မြင် ရပါသည်။ ယင်းကာလ သုံးပါးစလုံးတွင် ကျမအတွက်လည်းကောင်း၊ ကျမ၏ ရည်မှန်းချက်များအတွက် လည်းကောင်း၊ ကျမ၏ ကြိုးပမ်းဆောင်ရွက်မှုများအတွက်လည်းကောင်း၊ ထောက်ခံသူ အားပေးသူ ကူညီသူ အမြောက်အများ ရှိပါသည်။ "

"နိုင်ငံ့ခေါင်းဆောင်များ၊ ဘာသာရေးခေါင်းဆောင်ကြီးများ၊ငြိမ်းချမ်းရေး နိုဘဲလ် ဆုရှင်များ အပါအဝင် ပုဂ္ဂိုလ်များ၊ ကုလသမဂ္ဂ၊ဥရောပသမဂ္ဂ၊ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့စသည်စသည် ပါဝင်သော အဖွဲ့အစည်းများ၊ အမေရိကန်နိုင်ငံနှင့်ဥရောပ နိုင်ငံအများအပြားမှ နိုင်ငံသူနိုင်ငံသားများ၊ ပြည်တွင်းပြည်ပမှ ကျမတို့ တိုင်းရင်းသား ပြည်သူများ ပါဝင်ကြပါသည်။"

"ထိုသူများ၏ ကာယကံအားဖြင့်၊ ဝစီကံအားဖြင့်၊ မနောကံ အားဖြင့် ရိုင်းပင်းကူညီခဲ့မှုများအတွက် ကျမက အထူးတလည်ကျေးဇူးဥပကာရတင်ရှိပါကြောင်း အလေးအနက် ဖော်ပြအပ်ပါသည်။ အထူးအားဖြင့် ယခုတကြိမ် ပြန်ရောက်လာရာတွင် ပိုမိုတက်ကြွနေသောကျမတို့ လူငယ်များအပါအဝင် ပြည်သူများက အင်တိုက်အားတိုက်ထောက်ခံအားပေးမှုကြောင်း ကျမ အလွန်ဝမ်းမြောက်ကြည်နူးရပါသည်။ အမျိုးသားပြန်လည်သင့်မြတ်မှုရရှိရေး၊ စစ်မှန်သော ပြည်ထောင် စုစိတ်ဓါတ် တဖန် နိုးထရှင်သန်လာရေးတို့အတွက် ပြည်သူ့နိုင်ငံရေး ကွန်ယက်ကြီး တရပ် ထူထောင်ခြင်းဖြင့် ကျမတို့မဖြစ်မနေ ကြိုးပမ်းရပါဦးမည်။"

"မင်္ဂလာနှစ်သစ်တွင် ခွန်သစ်အားသစ် လုပ်ငန်း ပုံစံသစ်ဖြင့် တိုင်းရင်းသားပြည်သူ အားလုံး လက်တွဲလုပ်ဆောင်ကြပါစို့လို့ နှိုးဆော်ရင်း နှုတ်ခွန်း ဆက်သလိုက်ပါသည်။ ဒီမိုကရေစီရေး မုချအောင်မြင်ရမည်။"

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် ဗွီအိုအေ မြန်မာပိုင်းကနေတဆင့် နှစ်သစ် နှုတ်ခွန်း ဆက်သခဲ့တာ ဖြစ်ပါတယ်။

| | | | | | |
|---|---|---|---|---|---|
| **မြန်မာ့ပြဿနာအဖြေရှာရေး လူငယ်တွေပါဝင်ဖို့ ဒေါ်အောင်ဆန်းစုကြည် တိုက်တွန်း** | **ဒေါ်အောင်ဆန်းစုကြည်နဲ့ အဲန်ဒီအက်ဖ်ခေါင်းဆောင် ၃ ဦးတွေ့ ဆုံဆွေးနွေး** | **ကျောင်းသားတပ်မတော်ကို အကြမ်းဖက်အဖွဲ့ စာရင်းက ပယ်ဖျက်တော့မည်** | **နှစ်ဆန်းပိုင်းခေါ်မည့် လွှတ်တော်သုံးရပ်အတွက် နိုင်ငံရေးပါတီတွေပြင်ဆင်** | **နယ်စပ်ရှိကရင်ဒုက္ခသည် ရှစ်ထောင်ကျော် အတည်တကျ နေခွင့်မရ** | **တောင်ငူမြို့နယ်လူငယ်တွေ ဒေါ်အောင်ဆန်းစုကြည် သဘောထား ဆွေးနွေး** |
| **စာမျက်နှာ ၃** | **စာမျက်နှာ ၄** | **စာမျက်နှာ ၁၀** | **စာမျက်နှာ ၁၂** | **စာမျက်နှာ ၁၆** | **စာမျက်နှာ ၁၉** |




# အခြေခံအကျဆုံးကို ပြုပြင်ပြောင်းလဲရေး

မြန်မာနိုင်ငံတွင်ရွေးကောက်ပွဲပြီးနောက် နိုင်ငံရေးအခြေအနေတခု အပြောင်းအလဲဖြစ်လာတော့မည်ဆိုသည့်အမြင်များ တိုးတက်ကျယ်ပြန့်လာလျက်ရှိသည်။ စစ်တပ်အုပ်ချုပ်မှုမှ ဒီမိုကရေစီရွေးကောက်ပွဲမှတဆင့်ပေါ်ပေါက်လာသည့် အရပ်သားအုပ်ချုပ်မှုသို့ ပြောင်းလဲလာမှုဖြစ်သည်ဟုဆိုသည်။ စစ်ဗိုလ်ချုပ်များယူနီဖောင်းချွတ်ပြီး အရပ်ဝတ်ဖြင့် အုပ်ချုပ်တော့မည်ဖြစ်သည်။ ဤသည်မှာ လက်တွေ့အမှန်တရားဖြစ်သည်။ ပြောင်းလဲမှုဖြစ်သည်။ သို့သော် ထိုပြောင်းလဲမှုသည် ပြည်သူအများက လိုလားတောင့်တနေသည့် ဒီမိုကရေစီသို့ အမှန်တကယ် အစစ်အမှန်ပြောင်းလဲရန်လိုအပ်သည်။ မြန်မာနိုင်ငံတွင် စစ်အစိုးရ၏ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ဒီမိုကရေစီရေးပြုပြင်ပြောင်းလဲမှုများကိုဖော်ဆောင်ရန် နှောင့်နှေးနေမှုများကြောင့် စီးပွားရေးဒဏ်ခတ်ပိတ်ဆို့မှုများကို အနောက်နိုင်ငံများက ပြုလုပ်ထားသည်။ အထူးသဖြင့် စစ်ဗိုလ်ချုပ်များ၊ ၎င်း တို့၏အပေါင်းအပါစီးပွားရေးလုပ်ငန်းရှင်များနှင့် ထိပ်တန်းအာဏာပိုင်များနှင့်မိသားစုဝင်များကို ပစ်မှတ်ထားသည့်ဒဏ်ခတ်ပိတ်ဆို့မှုများပြုလုပ်ထားသည်။

မြန်မာနိုင်ငံတိုးတက်ဖွံ့ဖြိုးရေးအတွက် စီးပွားရေးဒဏ်ခတ်ပိတ်ဆို့မှုများကို ဖယ်ရှားရန်လိုအပ်သည်ဆိုသော နိုင်ငံတကာပညာရှင်များ၊ မီဒီယာများကပြောဆိုရေးသားလျက်ရှိသည်။ စစ်ဗိုလ်ချုပ်ကြီးများ၏မှားယွင်းသောစီးပွားရေးစီမံခန့်ခွဲမှုများ ထက် ဒဏ်ခတ်ပိတ်ဆို့မှုကြောင့် ထိခိုက်နစ်နာရမှုပိုများသည်ဟု ဆိုသည်များလည်းရှိသည်။ တံခါးဖွင့်ဈေးကွက်စီးပွားရေး နှင့် အရပ်သားအုပ်ချုပ်မှုက အနာဂတ်အတွက်အာမခံချက်ပိုမိုပေးနိုင်သည်ဟု ပြောဆိုမှုများရှိသည်။ မြန်မာနိုင်ငံနှင့် ထိတွေ့ဆက်ဆံမှုသည် လူ့အခွင့်အရေးချိုးဖောက်မှုများကို ပိုမိုထုတ်ဖော်ပြောဆိုလာစေလိမ့်မည်ဟုလည်း ဆိုကြသည်။

မြန်မာနိုင်ငံတွင်ယနေ့မျက်မှောက်ကာလအထိ တွေ့ကြုံရင်ဆိုင်နေရသည့်အကျပ်အတည်း ပြဿနာပေါင်းစုံ၏ရေသောက် မြစ်မှာ လွတ်လပ်မှုမရှိခြင်းပင်ဖြစ်သည်။ ထိုပြဿနာကို အရင်ဆုံးဖြေရှင်းရေးသည် အခြေခံအကျဆုံးသောအလုပ်ကို လုပ်ဆောင်ခြင်းပင်ဖြစ်သည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များကို သူ့ကဏ္ဍနှင့်သူ သက်ဆိုင်ရာပုဂ္ဂိုလ်များ၊ အဖွဲ့များလုပ်ကိုင်ဆောင်ရွက်နိုင်ရန် လွတ်လပ်မှုများကို အာမခံချက်ပေးရေးပင်ဖြစ်သည်။ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးဆိုသည်မှာ လူ့အဖွဲ့အစည်းအတွက် လုပ်ကိုင်ဆောင်ရွက်မှုများကို လူ့အဖွဲ့အစည်းအတွင်း ရှိ အစိတ်အပိုင်းအားလုံးက သူ့နေရာနှင့်သူ တာဝန်ခွဲဝေလုပ်ကိုင်ခြင်းပင်ဖြစ်သည်။ လူတဦးတယောက်၊ တဖွဲ့က လက်ဝါးကြီးအုပ် လုပ်ဆောင်ရသည့်လုပ်ငန်းစဉ်မဟုတ်ပေ။ ဒီမိုကရေစီတိုးတက်ဖြစ်ထွန်းမှုဆိုသည်မှာ အချိန်တိုအတွင်းအကောင်အထည်ဖော်အောင်မြင်နိုင်သည့်လုပ်ငန်းစဉ်မဟုတ်ပေ။ လူ့အဖွဲ့အစည်းအတွင်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနယ်ပယ်အသီးသီးတွင် ဟန်ချက်ညီညီတိုးတက်မှသာလျှင် အောင်မြင်နိုင်ပေမည်။ ထို့ကြောင့် အချိန်ယူရသောလုပ်ငန်းစဉ်ဖြစ်သည်။ ထိုအတွက် မရှိမဖြစ်အလိုအပ်ဆုံးသောအချက်ဖြစ်သည့် လူ့အဖွဲ့အစည်းအတွင်း လွတ်လပ်မှုများအာမခံချက်ရှိရေးကို လက်တွေ့ကျကျအကောင်အထည်ဖော်ခြင်းသည် အခြေခံအကျဆုံးသောပြုပြင် ပြောင်းလဲမှုဖြစ်ပြီး အနာဂတ်မြန်မာနိုင်ငံတိုးတက်ဖွံ့ဖြိုးရေးအတွက်ခိုင်မာသည့်အခြေခံအုတ်မြစ်ကိုချလိုက်ခြင်းလည်းဖြစ်သည်ဟု ရေးသားလိုက်ရပေသည်။

# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ရုံပုံငွေဈေးရောင်းပွဲ စတင်

**DVV ၊ ဇန်နဝါရီ ၂။** ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အန်အယ်ဒီရုံးချုပ်ရှေ့ဂုံတိုင်မှာ ဒီနေ့မနက် ၇ နာရီကစပြီး ရုံပုံငွေဈေးရောင်းပွဲ စတင်ကျင်းပနေပါတယ်။ ဈေးရောင်းပွဲမှာ ဆိုင်ခန်းပေါင်း ၂၀ ကျော် ပါဝင်ဖွင့်လှစ်ရောင်းချနေတာဖြစ်ပြီး စာအုပ်ဆိုင်တွေ၊ အသုံးအဆောင်ပစ္စည်းတွေ စတဲ့ပစ္စည်းမျိုးစုံကိုရောင်းချပေးနေတာဖြစ်ပါတယ်။ အဲဒီဈေးရောင်းပွဲမှာရောက်နေတဲ့ အဖွဲ့ချုပ်ပြောခွင့်ရပုဂ္ဂိုလ် ဦးအုန်း ကြိုင်ကို ဒီဗွီဘီက မေးကြည့်တော့ ...

"ဟုတ်ပါတယ်ခင်ဗျ၊ ဈေးရောင်းပွဲတော် လုပ်ပါတယ်၊ သခင်ဇင်မိသားစုကလည်း ကောင်တာလေးတခု ဖွင့်ပေးပါတယ်၊ နောက် ဗဟန်းမြို့နယ်ကလည်း စာအုပ်နဲ့ တခြားစာရေးကရိယာနဲ့ပတ်သက်တဲ့ အဆောင်အယောင်တွေ အဲဒါတွေရောင်းတာပေါ့ဗျာ၊ အဲဒီဟာကလည်း အခုတော့ လူကတော့ တော်တော်စည်ပါတယ်ခင်ဗျ၊ ကြားနေရတဲ့ သီးချင်းသံကတော့ ဟိုတုန်းက အာဇာနည်ကြီးများသတိရတဲ့ လွတ်လပ်ရေးတိုက်ပွဲသီချင်းတွေ အဲဒါတွေတောက်လျှောက်ဖွင့်နေတာပေါ့၊ ပရိသတ်ကတော့ ဝင်လိုက်ထွက်လိုက် အားပေးလိုက်နဲ့ပေါ့ဗျာ၊ တော်တော်စည်စည်ကားကားရှိပါတယ်။"

ဒီနေ့မွန်းလွဲ ၂ နာရီလောက်မှာတင် စာအုပ်အရောင်းဆိုင်တဆိုင်ထဲက တင် ငွေကျပ် ၅ သိန်းဖိုးလောက် ရောင်းနေရပြီလို့လည်း ပြောပါတယ်။ အထူးသဖြင့်တော့ ဒေါ်အောင်ဆန်းစုကြည် အထိမ်းအမှတ်ပစ္စည်းတွေ ပိုရောင်းရတယ်လို့လည်း ပြောပါတယ်။

"ကျနော်တို့ ဒီမှာဗျာ ဒေါ်အောင်ဆန်းစုကြည် အထိမ်းအမှတ်ပစ္စည်းပေါ်မှာ ဒေါ်စုဓာတ်ပုံနဲ့ နားကပ်လေးတွေ၊ ရင်ထိုးတွေ၊ သော့ ချိပ်တွေ၊ နောက် လည်ဆွဲလေးတွေ၊ နောက် ဒေါ်စုရိုက်နှိပ်ထားတဲ့ ရောင်စုံရိုက်နှိပ်ထားတဲ့ တီရှပ်တွေ အဲဒါတွေ အဲဒီကောင်တာက အခု မနက် ၂ နာရီ ၃ နာ ရီလောက်ရောင်းတာမှာ ၅ သိန်းကျော်ဖိုးလောက်ရောင်း ရတယ်လို့သိရပါတယ်။"

"ဒီကရတဲ့ ရန်ပုံငွေကို ကျနော်တို့က လာပြီးတော့ တခြားဆိုင်ဖွင့်တဲ့ တ ချို့ကောင်တာတွေကလည်း သူတို့ အရင်းကို သူတို့ယူပြီးတော့ အကျိုးအမြတ်အားလုံးကို နိုင်ငံရေးအကျဉ်းသားတွေ ကူညီရန်ပုံငွေအတွက် သူတိုက ထည့်ကြမှာဖြစ်ပါတယ်။ ပြီးတော့ လွတ်လပ်ရေးနေ့မှာလည်းပဲ နိုင်ငံရေးအကျဉ်းသားများကိုလာပြီးတော့ ဂုဏ်ပြုထားတဲ့ ကူညီစောင့်ရှောက်ပေးလိုတဲ့ မိသားစုတွေနဲ့ ကျနော်တို့ တဦးချင်းစီကိုချိတ်ဆက်ပေးမယ့် အဲဒီလို ထောက်ပံ့ကူညီရေး အစီအစဉ်သစ်တခုလည်း လွတ်လပ်ရေးနေ့မှာရှိပါတယ်။"

# မြန်မာ့ပြဿနာအဖြေရှာရေး လူငယ်တွေပါဝင်ဖို့ ဒေါ်အောင်ဆန်းစုကြည်တိုက်တွန်း

**VOA ၊ ဒီဇင်ဘာ ၂၈ ။ ။** လက်ရှိ မြန်မာနိုင်ငံမှာ ကြုံတွေ့နေရတဲ့ နိုင်ငံရေး၊ လူမှုရေး အကျပ်အတည်းတွေကို ဖြေရှင်းဖို့ကြိုးစားတဲ့ နေရာမှာ လူငယ်တွေရဲ့အခန်းကဏ္ဍဟာ အရေးကြီးတာကြောင့် လူငယ်တွေမပါလို့မဖြစ်ဘူးလို့မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်က ပြောပါတယ်။ လူထုအကျိုးပြု လူမှုရေး လုပ်ငန်းတွေကို လက်ရှိလုပ်ဆောင်နေကြတဲ့ NLD မဟုတ်တဲ့ လူငယ်အယောက် ၅၀၀ လောက်နဲ့ ဒီကနေ့ ရန်ကုန်မြို့ NLD ရုံးချုပ်မှာ ပြုလုပ်တဲ့ လူငယ် တွေ့ဆုံပွဲအတွင်း ဒေါ်အောင်ဆန်းစုကြည်က အခုလို ပြောကြားခဲ့တာပါ။ အပြည့်အစုံကို ကိုဇော်ဝင်းလှိုင်က တင်ပြပေး ထားပါတယ်။

မြန်မာနိုင်ငံမှာ အပြောင်းအလဲတွေ ဖြစ်ပေါ်ဖို့အတွက် လူငယ်တွေရဲ့ အခန်းကဏ္ဍဟာ အရေးကြီးတာကြောင့် လူငယ်တွေ အနေနဲ့ အသိပညာ၊ အတတ်ပညာတွေ တိုးတက်အောင် လုပ်ဆောင်ပြီးတိုင်းသူပြည်သားတွေရဲ့ အကျိုးကို ဒီထက်ပို လုပ်ဆောင်နိုင်ဖို့နဲ့ တယောက်နဲ့တယောက် အတွေ့အကြုံ အမြင်ချင်းဖလှယ်နိုင်ကြဖို့ ရည်ရွယ်ပြီး ဒီတွေ့ဆုံပွဲကို ပြုလုပ်ခဲ့တာပါ။

တိုင်းပြည်အတွင်း လတ်တလော ကြုံတွေ့နေရတဲ့ လူမှုရေး၊ နိုင်ငံရေးအကျပ်အတည်းတွေဟာ အားလုံး ဆက်စပ်နေတာကြောင့် NLD ရယ်၊ ဘယ်သူရယ်လို့ ခွဲခြားမနေဘဲ အားလုံး ဝိုင်းဝန်းလုပ်ဆောင်ကြဖို့ လိုအပ်တယ်လို့ ဒေါ်အောင်ဆန်းစုကြည်က ပြောပါတယ်။

"ကျမတို့ ဒီလိုဆွေးနွေးတွေ့ဆုံပွဲ လုပ်ရတဲ့အခါ အခု မြန်မာနိုင်ငံမှာ နိုင်ငံရေး၊ လူမှုရေး ကိစ္စတွေမှာ လူငယ်တွေ မပါရင် မဖြစ်ဘူးဆိုတာ အားလုံးအသိအမှတ် ပြုတဲ့အနေနဲ့ဖြစ်ပါတယ်။ လူငယ်တွေဆိုတာ ကျမတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က လူငယ်တွေတင်မဟုတ်ပါဘူး၊ ဘယ်နိုင်ငံရေးအဖွဲ့အစည်းမှာမှ မပါတဲ့ လူငယ်တွေပဲဖြစ်ဖြစ် ကျမတို့က အားလုံးကို ဖိတ်ခေါ် ကြိုဆိုပါတယ်။

"ဒီနိုင်ငံမှာလုပ်ရမယ့် လူမှုရေး၊ နိုင်ငံရေး ကိစ္စတွေဟာ အားလုံးသက်ဆိုင်နေတယ် ဆိုတာကိုလည်း ကျမတို့ နားလည်ဖို့ လိုပါတယ်။ အဲဒါကြောင့် ဒီလို ဆွေးနွေးပွဲလုပ်တာပါ။ အဓိကအားဖြင့်တော့ ကျမရဲ့အခြေအနေတွေ၊ ကျမရဲ့ အတွေးအခေါ်တွေကို ပြောပြဖို့ မဟုတ်ပါဘူး။ ကျမတို့ လူငယ်တွေရဲ့ စိတ်ထဲမှာ ဘာရှိတယ်၊ ဘယ်လိုနည်းတွေနဲ့ ကျမတို့နိုင်ငံ တိုးတက်အောင်လုပ်နိုင်မယ်လို့ လူငယ်တွေက ထင်လဲ၊ ကျမတို့နိုင်ငံအတွက် အားနည်းချက်တွေဟာ ဘာတွေလဲ၊ ဒီအားနည်းချက်တွေကို ဘယ်လို ကျမတို့က ပြုပြင်နိုင်မလဲဆိုတဲ့ လူငယ်တွေရဲ့ အတွေးအမြင်တွေကို ကျမတို့ သိချင်လို့ပါ။"

သူ့အနေနဲ့လည်းနေအိမ်အကျယ်ချုပ်ကပြန်လွတ်လာတဲ့အချိန်ကစလို့ လူငယ်တွေဟာ တက်တက်ကြွကြွနဲ့ ထောက်ခံအားပေးနေကြတာကို တွေ့ရတဲ့အတွက် အားရမိတယ်လို့ ဒေါ်အောင် ဆန်းစုကြည်က ပြောပါတယ်။

"ကျမ နိုဝင်ဘာလ ၁၃ ရက်နေ့ အကျယ်ချုပ်က ထွက်လာတဲ့အချိန်ကစပြီး ပြည်သူတွေရဲ့ အသံကို ကျမ ကြားချင်တယ်ဆိုပြီး ပြောခဲ့ပါတယ်။ အဲဒီ ထွက်လာတဲ့နေ့ကပဲ ကျမ သတိထားမိတာကတော့ ကျမတို့ရဲ့ လှုပ်ရှားမှုထဲမှာ ထောက်ခံနေတဲ့ ပုဂ္ဂိုလ်အများစုဟာ တော်တော်ငယ်တဲ့လူငယ်တွေဖြစ်ပါတယ်။ အဲဒါကိုကျမအင်မတန်မှသဘောကျပါတယ်။ ဒီလို လူငယ်တွေရဲ့အင်အား ရှိမှသာလျှင် ကျမတို့ရဲ့ အနာဂတ်အတွက် ကျမတို့ လုံခြုံမှုရနိုင်မှာပါ။"

ဒါကြောင့် လူငယ်တွေကသာ တိုင်းပြည်ကို တိုးတက်ပြောင်းလဲစေချင်တယ်ဆိုတဲ့ စိတ်ဆန္ဒရှိရင် တိုင်းပြည်ရဲ့ အနာဂတ်အတွက် စိတ်ချရပြီလို့ ဆိုပါတယ်။

"လူငယ်တွေဟာ တကယ်ပဲ ဒီတိုင်းပြည်ရဲ့ နိုင်ငံရေးဖြစ်စဉ်၊ လူမှုရေးဖြစ်စဉ်တွေမှာ စိတ်ပါဝင်စားတယ်၊ ဒီတိုင်းပြည်ကို ပြောင်းလဲဖို့ဟာ လူငယ်တွေက မိမိတို့ရဲ့တာဝန် ဖြစ်တယ်ဆိုတဲ့ အစွဲ ရှိပြီဆိုရင် ကျမတို့ တိုင်းပြည်အတွက် စိတ်ချရပါပြီ။ ဒီလို အခြေအနေ မရှိရင်တော့ မနက်ဖြန် ဒီမိုကရေစီရလို့ရှိရင်တောင်မှ စိတ်ချရဦးမှာ မဟုတ်ပါဘူး။ အနာဂတ်ကို ထိန်းသိမ်းသွားရမှာ လူငယ်တွေရဲ့တာဝန် ဖြစ်ပါတယ်။ အဲဒါကြောင့် လူငယ်တွေအနေနဲ့ ဒီတာဝန်ကို ဘယ်လိုမြင်လဲ၊ ဒီတာဝန်ကို ဘယ်လိုထမ်းဆောင်မယ်လို့ စိတ်ကူးလဲဆိုတာ ကျမတို့သိဖို့ အများကြီးလိုပါတယ်။ ဒီတော့မှ ကျမတို့ အတူတူလက်တွဲပြီး လုပ်လို့ရမယ်။ ကျမတို့အနေနဲ့ ပံ့ပိုးသင့်တဲ့ နေရာက ပံ့ပိုးပေးလို့ရမှာဖြစ်ပါတယ်။"

လူငယ်တွေဘက်ကလည်း မိမိတို့မှာရှိတဲ့ စိတ်ကူးအကြံဉာဏ်တွေကို ပေးကြဖို့ ဒေါ်အောင်ဆန်းစုကြည်က တိုက်တွန်းပါတယ်။

"လူငယ်တွေ အနေနဲ့လည်း ကျမတို့ရဲ့ နိုင်ငံရေး လုပ်ဆောင်မှုတွေ၊ လူမှုရေး လုပ်ဆောင်မှုတွေမှာ ပိုပြီးတော့ အင်အား များလာအောင်လို့၊ ပိုပြီးတော့ အားရှိလာအောင်လို့၊ ပိုပြီးတော့ ပီပြင်လာအောင်လို့ ဘယ်လိုလုပ်သင့်တယ်ဆိုတဲ့ အကြံဉာဏ်တွေ ရှိတယ်ဆိုရင်လည်း ကျမတို့ အနေနဲ့ဖိတ်ခေါ်ပါတယ်။ အကြံဉာဏ်သစ်တွေကို ကျမတို့ အမြဲပဲလိုနေပါတယ်။ အကြံဉာဏ်သစ်ဆိုတာလည်း ကြောက်စရာ မဟုတ်ပါဘူး။ အားလုံးကနေပြီးတော့ အကြံဉာဏ်သစ်ဆိုတာ၊ တခါတလေလည်း လက်ခံလို့မရတာရှိတာပေါ့၊ ရှိတဲ့အခါ ကြတော့ အလုပ်မဖြစ်ဘူးပေါ့။ အလုပ်မဖြစ်ဘူးဆိုရင်လည်း ကျမတို့ အနေနဲ့ အလုပ်မဖြစ်ဘူးဆိုတာကို ရဲရဲဝံ့ဝံ့ မြင်နိုင်ရမယ်။

"ဒါကတော့ အကြံ အဟောင်းတွေရော၊ အကြံ အသစ်တွေရော၊ လုပ်နည်းလုပ်ဟန် အဟောင်းတွေရော၊ လုပ်နည်းလုပ်ဟန်အ သစ်တွေရော အလုပ်မဖြစ်ဘူးဆိုရင် ကျမတို့ကပြောင်း လဲနိုင်တဲ့ သတ္တိရှိရမယ်။ ဘယ်လိုပြောင်းလဲမလဲ ဆိုတာဆုံးဖြတ်နိုင်တဲ့ ပညာရှိရမယ်။ အဲဒါကြောင့် လူငယ်တွေအနေနဲ့ ပွင့်ပွင့်လင်းလင်းနဲ့တင်ပြကြပါ။ ရဲရဲရင့်ရင့်နဲ့ တင်ပြကြပါ၊ ကျမတို့ ဆွေးနွေးတယ်ဆိုတာဟာ၊ စိတ်သဘောထားတွေ၊ အမြင်တွေကို ဖလှယ်တယ်ဆိုတာဟာ တယောက်နဲ့တယောက် တိုက်ခိုက်ဖို့မဟုတ်ဘူး၊ တယောက်နဲ့တယောက် အပြစ်ရှာဖို့လည်းမဟုတ်ဘူး၊ တယောက်ကိုတယောက် ကူညီ မစပေးဖို့လို့ ကျမက ဒီအမြင်နဲ့ပဲ လုပ်စေချင်ပါတယ်လို့ ပြောပါရစေ။"

အခုလို လူငယ်တွေ့ဆုံပွဲ လုပ်ပေးတာဟာ လူငယ်တွေ အချင်းချင်း အတွေ့အကြုံ အမြင်ချင်းဖလှယ်နိုင်ပြီး လူငယ်ကွန်ယက် ပေါ်ပေါက်ဖို့ ပိုပြီးနည်းစပ်လာတာကြောင့် အများကြီး အကျိုးရှိပါတယ်လို့ ဒီတွေ့ဆုံပွဲကို တက်ရောက်ခဲ့တဲ့ လူငယ်တဦးက ပြောပြပါတယ်။

**စာမျက်နှာ ၇ သို့**

# မြန်မာပြည်မှ ပေးစာ

(ဇန္နဝါရီ ၁ ၊ ၂၀၁၁ နေ့ထုတ် Mainichi သတင်းစာတွင် ဖော်ပြထားသော ဒေါ်အောင်ဆန်းစုကြည်၏ Looking Back, Looking Forward ဆောင်းပါးကို ပြန်ဆိုပါသည်။)

"မိုင်အိနိချိစာဘတ်ပရိသတ်များအားလုံးမှာ ငြိမ်းချမ်းခြင်း၊ ပျော်ရွှင်ခြင်းနှင့် ချမ်းသာကြွယ်ဝခြင်းများ ပြည့်ဝသည့် နှစ်သစ်တခုဖြစ်ကြပါစေရန် ကောင်းမွန်သောဆန္ဒများစွာဖြင့် ဆုမွန်ကောင်းတောင်းလိုက်ပါသည်" ...

ဒေါ်အောင်ဆန်းစုကြည်

နှစ်တနှစ်၏အစသည် အတိတ်ဖြစ်ရပ်များကို ပြန်လည်သစ်လွင်ခြင်း၊ ပြန်လည်နိုးကြားစေခြင်း၊ သန္နိဋ္ဌာန်ဆုံးဖြတ်ချက်များချမှတ်ခြင်းနှင့် အမှတ်ရခြင်းတို့၏အချိန်သမယဖြစ်ပေသည်။

၂၀၁၀ ကို ကျွန်မပြန်လည်ကြည့်မိပါသည်။ ရေညစ်များထဲတွင် အားလုံးပျောက်ကွယ်သွားသကဲ့သို့ ယင်းနှစ်၏အပိုင်းအစများသည် မမှတ်မိနိုင်လောက်အောင်ပင်ဖြစ်ရပါသည်။ ၂၀၁၀ ၏ပထမနေ့ရက်ကို ကျွန်မ မည်ကဲ့သို့ အသုံးချခဲ့ပါသလဲ။ ကျွန်မ မမှတ်မိနိုင်ပါ။

သို့သော် ကွန်မပြောနိုင်သည်ကတော့ သက်တောင့်သက်သာ မဟုတ်နိုင်ခဲ့ပါ။ ကျွန်မအိမ်ကို ပြင်ဆင် ရန် ၂၀၀၉ ခုနှစ် ဒီဇင်ဘာလမှာ စတင်ခဲ့ပါသည်။ ရက်သတ္တပတ်အနည်းငယ် ကြာလာတော့ မြူနီစီပယ် အာဏာပိုင်တွေ၏အမိန့်ကြောင့် ရပ်ဆိုင်းခဲ့ရပါသည်။

ထိုအမိန့်ကို ပြန်လည်ရုတ်သိမ်းရန် ကျွန်မ၏ရှေ့နေများကြိုးစားဆောင်ရွက်နေချိန်မှာ ကတ္တူပုံးများ၊ အမျိုးအမည်မခွဲခြားနိုင်သည့် ပစ္စည်း များကိုထုပ်ပိုးထားသည့် သက္ကလပ်စောင်ထူထုပ်များ၊ သေတ္တာမျိုးစုံများနှင့် ယိမ်းယိုင်နေသော စာအုပ်ပုံများကြားတွင် လ ပေါင်းများစွာကျွန်မနေထိုင်ခဲ့ရပါသည်။

မြင့်မားသည့်စာအုပ်စင်၊ ထီးထီးကြီးဖြစ်နေသည့်စားပွဲများနှင့် ဖုထစ်နေသောအထုပ်အပိုးများကြားတွင် ညပ်နေသည့်ကျွန်မအိပ်ရာထက်မှ အပေါ်ကိုကြည့်လိုက်လျှင် မျက်နှာကျက် အပေါက်အပြဲများကို ကောင်းစွာမြင်တွေ့နေရပါသည်။ ထိုမြင်ကွင်းသည် သဘာဝ၏ဟောင်းနွမ်းပျက်ယွင်းမှု သင်္ခါရတရား ကို အာရုံဝင်စားဆင်ခြင်နိုင်ရန် အချိန်များစွာပေးဆောင်ခဲ့ပါသည်။

ရာသီဥတုအေးသောအခါ ပြည့်ကျပ်နေသည့်အခန်းမှာ နွေးနွေးထွေးထွေးရှိနေသယောင်ပါ။ မြို့ပြအတွင်း တောစခန်းချရသလိုပုံစံ နေထိုင်ရခြင်းသည် တခုခုအတွက် စွန့်စားခန်းလို ထင်မြင်နိုင်ပါသည်။ သို့ရာတွင် ရာသီဥတု ပို၍ပို၍ပူလာသောအခါ ကြည်နူးဆွတ်ပျံ့ဘွယ် အာရုံများ လွင့်ပါးပျောက်ကွယ် သွားခဲ့ရပါသည်။ အထူးသဖြင့် အိပ်ခန်း၏ပြတင်းပေါက်များအပြင်တွင် ဆင်ထားသည့်ငြမ်းများကြောင့် ပြတင်းပေါက်များမဖွင့်နိုင်သောအခါ အိုက်စပ်ပူလောင်မှုဖြင့် အိပ်မပျော်ခြင်းကို ညပေါင်းများစွာ ခံစားခဲ့ရပါသည်။ ကျွန်မသည် အကောင်းဆုံးကျန်းမာရေးအခြေအနေကို မခံစားနိုင်ခဲ့ပါ။

၂၀၁၀ ၏ ပထမ ၃ လပတ်သည် ကိုယ်ပိုင်းဆိုင်ရာ သက်တောင့်သက်သာမရှိခဲ့ရသည့်ကာလဖြစ်ရုံမက စိတ်လှုပ်ရှားမှုလွန်ကဲခဲ့ရသော အချိန်လည်းဖြစ်ပါသည်။ ယမန်နှစ်က အင်းစိန်တရားရုံးမှာကျွန်မအပေါ် ချမှတ်သည့်ပြစ်ဒဏ်ကို အယူခံဝင်ရေးတိုင်ပင်ဆွေးနွေးရန်အတွက် ကျွန်မ၏ရှေ့နေများ အခါအားလျော်စွာ ကျွန်မထံလာရောက်ခဲ့ကြပါသည်။ ဥပဒေလုပ်ထုံးလုပ်နည်းများ အားလုံးသည် စိတ်ဝင်စားစရာကောင်းသည်ကို ကျွန်မသိမြင်လာရပါသည်။ အတွေ့အကြုံရင့်ကျက်ပြီး စွမ်းရည်ပြည့် ကျွန်မ၏ ရှေ့နေကြီးများထံမှ များစွာသင်ယူခဲ့ပါသည်။

၁၉၉၅ ခုနှစ်မှစ၍ "ဥပဒေစိုးမိုးရေး"ကိုကိုင်စွဲထားလျက်၊ ကျွန်မတို့နိုင်ငံတွင် "ယုံကြည်ချက်ကြောင့် အကျဉ်းချခံထားရသူများ၏ ရပိုင်ခွင့်များ"အတွက် ကာကွယ်ပေးနေကြသော သူတို့တတွေနှင့်အမျိုးသားဒီမိုကရေစီအဖွဲ့၏ ဥပဒေကော်မီတီတို့ကို ကျွန်မ လွန်စွာ ဂုဏ်ယူမိပါသည်။

ထိုရှေ့နေများအနက်မှ ဦးဉာဏ်ဝင်းသည် အဲန်အယ်လ်ဒီအလုပ်အမှုဆောင်ကော်မီတီဝင်တဦးဖြစ်နေသည့်အတွက် ကျွန်မ၏အိမ်ပြင်ပတွင်ဖြစ်ပျက်နေသော နိုင်ငံရေးအကြောင်းများကို များစွာသိမြင်လေ့လာနိုင်ခဲ့ပါသည်။ ပါတီ၏အဆုံးအဖြတ်ပေးရမည့်လုပ်ငန်းစဉ်တွင်လည်း အတိုင်းအတာတခု အတွက် ပါဝင်ဆောင်ရွက်နိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံ၏ နိုင်ငံရေးအခင်းအကျင်းအတွက် အရေးကြီးတဲ့နှစ်အတွင်းမှာ အသိပညာစိန်ခေါ်မှုများ သည် ကျွန်မအဘို့ ကျန်မာရေးထက် လွန်စွာအရေးကြီးလျက်ရှိနေပါသည်။

မြန်မာ့နှစ်ကူးချိန်ကျရောက်မည့် ဧပြီလလယ်လောက်မှာတော့ ကျွန်မ၏အိမ်ကိုပြန်လည်ပြင်ဆင်ခွင့် ဆက်လက်ပြုလုပ်နိုင်ကြောင်း တရားရုံးကအမိန့်ချမှတ်ပေးခဲ့ပါသည်။ ပြင်ပကမ္ဘာနှင့်အဆက်အသွယ်ပြတ်အသံတိတ်ဆိတ်နေရသည့်နေရာကလေးသည်အလုပ်သမားများနေရာအပြည့်လှုမ်းလျက် အသံနှင့်လှုပ်ရှားမှုများ အဆက်မပြတ်ထွက်ပေါ်ခဲ့ပါသည်။

**စာမျက် ၅ သို့**

**တဖက်မှ**

လုပ်စရာတွေအများကြီးရှိခဲ့ပါသည်။ အဓိကအနေကတော့ ခေါင်မိုးကိုပြင်ရန်ဖြစ်ပါသည်။ နှစ်ပေါင်းများ စွာ မုတ်သုန်လများတွင် ကျွန်မ၏ အိပ်ရာရွှေ့ခဲ့ရပါတယ်။ ခွက်တွေ၊ ပလုံးတွေနှင့်ပုံးတွေသည် စစ်တုရင် ကစားတပွဲကအရုပ်များလို မိုးယိုမှုများကိုဖမ်းဆီးရန် ကျွန်မ၏ အိပ်ခန်းတွင်း ကြိုးစားနေရာယူ ထားကာ အိပ်ရာ(နှင့် အကယ်၍ အိပ်ရာပေါ်မှာ ကျွန်မရှိခဲ့လျှင်လည်း ကွန်မကိုပါ) စွတ်စိုမှုအန္တရာယ်မှ အကာအကွယ်ပေးခဲ့ကြပါတယ်။ အခုတော့ ခေါင်မိုးမှာ အသံစုံထွက်ပေါ်နေပါပြီ။

နောက်မိုးရေတွေကို ကျွန်မတည်ငြိမ်စွာ စောင့်မျှော်နိုင်ပါပြီ။ မြန်မာစကားမှာတော့ အမိုးကောင်းပါက လုံခြုံမှုရှိသည်ဟုတင်စားပါသည် ထိပ်ပိုင်းမှာ အားလုံးကောင်းလျှင် ထွက်ပေါက်တလျှောက်အားလုံး ကောင်းကောင်းမွန်မွန်ဖြစ်မည်ဟူသည့် ဆိုရိုးကိုထင်ဟပ်စေပါသည်။

ပြင်ဆင်ခြင်းနှင့်အသစ်ပြုပြင်ခြင်းများသည် အနာဂတ်မှာကိုယ်ပိုင်းဆိုင်ရာသက်တောင့်သက်သာမှုကို ပိုရှိစေမည်ဟု ဆိုရမှာပါ။ သို့ရာတွင် ပြုပြင်ခြင်းအတွက် သက်မဲ့ရုပ်ပိုင်းဆိုင်ရာထက်စာလျှင် ဖြစ်နိုင်သည့်လူသားချင်းဆက်ဆံရာမှာ ပိုမိုအရေးပါပါလိမ့်မည်။

အိမ်ပြင်ဆင်ခြင်းသည် ဧပြီလမှစက်တင်ဘာလအထိ ကြားတွင် ၃ ပတ်နားလျက် ၅ လနီးပါး အချိန် ကြာခဲ့ပါသည်။ ထိုအတွင်း ကျွန်မတို့၏အလုပ်သမားများ၏ဘဝများနှင့်အနေအထားများကို ကျွန်မနေ့စဉ် တွေ့ကြုံရင်းနီးခွင့်ရရှိခဲ့ပါသည်။ ကျွန်မတို့နိုင်ငံ၏လုပ်သားအင်အားစုတွေ ကိုင်တွယ်ဖြေရှင်း ရမည့်အခက်အခဲများနှင့် သူတို့ရဲ့မြော်လင့်ချက်များနှင့်ပြင်းပြသည့်ဆန္ဒများ၏ ပိုမိုထင်ရှားသည့် အမြင်များကို ကောင်းစွာနားလည် သဘောပေါက်ခွင့် ရရှိခဲ့ပါသည်။

အိမ်ပြင်ခြင်းအစီအစဉ်၏ အခြားအကျိုးဆက်တခုမှာ အထူးစုံစမ်းရေးတပ်ဖွဲ့ဝင်များ၊ ခြံဝန်းအတွင်း လုံခြုံရေးတာဝန်ယူနေရသူများနှင့် မကြာခဏ တိုင်ပင်ဆွေးနွေးကြရခြင်းပင်ဖြစ်ပါသည်။ လူများနှင့် ပစ္စည်းများ ခြံတွင်းသို့သွင်းရခြင်းအတွက် ညှိနှိုင်းရသည်မှာနေ့စဉ်နီးပါးဖြစ်ပါသည်။ ထိုစဉ် အခက် အခဲအတားအဆီးများကို နှစ်ဘက်က အကျိုးအကြောင်းနှင့် အလျှော့အတင်းပြုလုပ်ပေးခြင်းဖြင့် ပြေလည်နိုင်သည်ကို တွေ့ခဲ့ကြရပါသည်။

၂၀၁၀ သည် ကျွန်မအိမ်အတွက် ကောင်းမွန်တိုးတက်မှုများဖြစ်စေခဲ့သည့် နှစ်တနှစ် ဖြစ်ခဲ့ပါသည်။သို့ရာတွင် ကျွန်မတို့နိုင်ငံသားများနေထိုင်ရာအိမ်ဖြစ်သည့် ကျွန်မ တို့တိုင်းပြည်အတွက် ထိုနှစ်သည် ဘာတွေယူဆောင်ပေးခဲ့သလဲ ဆိုသည ်မှာ ပိုမိုအလေးထားရမည့်ဖြစ်ရပ်ဖြစ်ပါသည်။ နောင်တချိန်မှာ ပြောပါဦးမည်။

ကျွန်မအား အနှစ် ၂၀ ကျော် ချစ်ကြည်ရင်းနှီးမှုနှင့်အားပေးခဲ့သည့် "မိုင်အိနိရှိ သတင်းစာ"ကို အထူး ကျေးဇူးတင်ကြောင်းကို ဖော်ပြရန်အတွက်၎င်း၊"မိုင်အိနိရှိသတင်းစာ"၏ပရိသတ်အားမျှဝေရန်အတွက်၎င်း၊ ကျွန်မခင်ပွန်းအတွက် အထူးအရေးပါစေခဲ့သည့်ကဗျာ ကျွန်မနှစ်သက်သည့် ယင်း ကဗျာဥာဏ်၏ ကောက်နှုတ်ချက်ကို ဖော်ပြခြင်းဖြင့် ကျွန်မလွတ်မြောက် လာခဲ့ပြီးမှ ပထမဦးဆုံးရေးတဲ့ ဤဆောင်းပါးကို အဆုံးသတ်လိုက်ပါရစေ။

ဒါပေမင့် ... ဒီနေ့ ကောင်းစွာနေထိုင်ခဲ့ကြပါတယ် ...
လွန်ခဲ့တဲ့နေ့တိုင်းကို ပျော်ရွှင်ခြင်းအိပ်မက်နှင့် ...
မနက်ဖန်တိုင်းကို မြော်လင့်ခြင်းရဲ့အမြင် ဖြစ်စေပါတယ် ...
ဒါကြောင့် ... ယနေ့ကို ကောင်းစွာ သုံးသပ်ကြည့်ရှုပါ ...

卐卐卐卐卐

အချုပ်အချာ အာဏာကို ပြည်သူသာ ပိုင်ရမည်

# ဂီရိအလှူငွေအတွက် ဒေါ်စုမေတ္တာရပ်ခံ

**DVB ၊ ဒီဇင်ဘာ ၂၉ ။ ။** ရခိုင်ပြည်နယ် ဂီရိမုန်တိုင်းသင့်ဒေသ ပြန်လည်ထူထောင်ရေး လုပ်ငန်းအတွက် ပြည်တွင်းပြည်ပက ဝိုင်းဝန်းကူညီကြဖို့ မေတ္တာရပ်ခံတဲ့ ပန်ကြားစာတစောင်ကို အဖွဲ့ချုပ်အတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်က ဦးဆောင် လက်မှတ်ရေးထိုး ထုတ်ပြန်လိုက်ပါတယ်။

အခုလ ၂၈ ရက်နေ့က ထုတ်ပြန်လိုက်တာဖြစ်ပြီး ဝါရင့်နိုင်ငံရေးသမားကြီးတွေ၊ လွှတ်တော်ကိုယ်စားပြုကော်မတီ စီအာပီပီအဖွဲ့ဝင်တွေ၊၂၀၁၀ ရွေးကောက်ပွဲမှာ တသီးပုဂ္ဂလအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သူတွေ၊ ဒီမိုကရက်တစ်ပါတီ (မြန်မာပြည်)နဲ့ ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးပါတီတို့မှ ခေါင်းဆောင်တွေဦးရေစုစုပေါင်းလူပေါင်း ၃၀ ခန့်လက်မှတ်ရေးထိုးထားတယ်လို့တာဝန်ယူဆောင်ရွက်နေတဲ့ အဖွဲ့ချုပ်ပြန်ကြားရေးအဖွဲ့ဝင် ဦးအုန်းကြိုင်ကပြောပါတယ်။ ဂီရိမုန်တိုင်းဒုက္ခသည်တွေအတွက် နိုင်ငံတကာရဲ့ထိုက်သင့်သလောက် အာရုံစိုက်ကူညီမှုမရခဲ့ကြောင်း အကူအညီတွေ လိုအပ်နေဆဲဖြစ်ကြောင်းဖော်ပြထားပြီး ဝိုင်းဝန်းကူညီကြဖို့ မေတ္တာရပ်ခံထားတာလို့ဆိုပါတယ်။ ပြီးခဲ့တဲ့ အပတ်အတွင်းကမှာ ဂီရိဒေသကနေ ကူညီပေးရေးလုပ်ငန်းတွေ ဆောင်ရွက်ပြီး ပြန်လာတဲ့ စီအာပီပီအတွင်းရေးမှူး ဦးအေးသာအောင်နဲ့ အဖွဲ့ချုပ်က ဒေါ်မေဝင်းမြင့်တို့ ဦးဆောင်တဲ့အဖွဲ့ရဲ့ တင်ပြချက်တွေအပေါ် အခြေခံထုတ်ပြန်ထားတာလို့ ပြောပါတယ်။

အန်အယ်လ်ဒီက တတိယအကြိမ် ကျပ်သိန်း ၁၀၀ ကျော်တန်ဖိုးရှိ အကူအညီတွေပေးအပ်စဉ် ဒေသခံတွေက အကူအညီတောင်းတဲ့ လျှောက်လွှာပေါင်း ၂,၀၀၀ ခန့်ရရှိခဲ့တယ်လို့ဆိုပါတယ်။ ပေါက်တောနဲ့ မြေပုံမြို့နယ်အတွက် ဒေါ်လာ ဖ သန်းခန့် အကူအညီလိုအပ်မယ်လို့ ခန့်မှန်းရကြောင်း ဦးအုန်း ကြိုင်က အခုလိုပြောပြပါတယ်။ ခုလိုလိုအပ်နေတဲ့ အကူအညီတွေရရှိဖို့အတွက် ပြည်တွင်းပြည်ပက အလှူရှင်တွေ့နေနဲ့ ဝိုင်းဝန်းကူညီကြဖို့လည်း ဦးအုန်းကြိုင်က အခုလို တိုက်တွန်းသွားပါတယ်။ အခုလ ၂၀ ရက်နေ့ကထုတ်ပြန်တဲ့ ရန်ကုန်ကုလ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ ပူးပေါင်းညှိနှိုင်းရေးအဖွဲ့ရဲ့ အစီရင်ခံစာမှာလည်း ဂီရိမုန်တိုင်းသင့်ဒေသအတွက် အမေရိကန်ဒေါ်လာ ၅၇ သန်းလိုအပ်နေကြောင်း၊ ဒေါ်လာသန်း ၂၀ သာသာပဲ ထောက်ပံ့ပေးနိုင်သေးကြောင်းဖော်ပြခဲ့ပါတယ်။ ပြီးခဲ့သည့် အောက်တိုဘာ ၂၂ ရက်နေ့က တိုက်ခတ်သွားတဲ့ ဂီရိဆိုင်ကလုန်းမုန်တိုင်းကြောင့် မြေပုံ၊ ကျောက်ဖြူ၊ မင်းပြားနဲ့ပေါက်တောဒ ေသမှာ လူ ၄၅ ဦး အသက်ဆုံးရှုံးခဲ့ပြီး၊ လူပေါင်း တသိန်းကျော် အိုးအိမ်မဲ့ ဖြစ်ခဲ့ရပါတယ်။

# ဒေါ်အောင်ဆန်းစုကြည်နဲ့ အဲန်ဒီအက်ဖ်ခေါင်းဆောင် ၃ ဦးတွေ့ဆုံဆွေးနွေး

**VOA ၊ ဒီဇင်ဘာ ၃၀ ။** ။ ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်နဲ့တချိန်က NLD အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင်ပိုင်းမှာတာဝန်ယူလုပ်ကိုင်ခဲ့ကြပြီး NDF အမျိုးသားဒီမိုကရေစီအင်အားစုပါတီအဖြစ် သီးခြားပါတီခွဲတည်ထောင်ခဲ့ကြသူခေါင်းဆောင် ၃ ယောက်တို့ ဒီကနေ့မနက်ပိုင်းက NLD ဒု-ဥက္ကဋ္ဌ ဦးတင်ဦးနေအိမ်မှာ တွေ့ဆုံခဲ့ကြပါတယ်။ ဒါဟာပထမဦးဆုံးအကြိမ်အဖြစ်မျက်နှာချင်းဆိုင်တွေ့ဆုံခဲ့ကြတာလည်းဖြစ်ပါတယ်။ ဒီတွေ့ဆုံပွဲမှာ နိုင်ငံရေးအရပြောဆိုဆွေးနွေးမှုတွေမပါဘဲ တခြား လူမှုရေးကိစ္စတွေကိုသာ ဆွေးနွေးဖြစ်ခဲ့တယ်လို့ ၂ ဘက်စလုံးက ပြောပါ တယ်။

ဒီကနေ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ သွားရောက်တွေ့ဆုံကြတဲ့ NDF ပါတီခေါင်းဆောင် ၃ ယောက်ကတော့ ဒေါက်တာသန်းငြိမ်း၊ ဒေါက်တာဝင်းနိုင်နဲ့ ဦးခင်မောင်ဆွေတို့ဖြစ်ကြပါတယ်။ NLD က ခွဲထွက်ပြီး NDF ပါတီအဖြစ် ဘာကြောင့်တည်ထောင်ခဲ့ရတယ်ဆိုတာကို နိုင်ငံရေးအရ ဒေါ်အောင်ဆန်းစုကြည်ကိုရှင်းပြဖို့ သူတို့မှာတာဝန်ရှိတာကြောင့် ပုဂ္ဂိုလ်ရေးအရသွားရောက်တွေ့ဆုံမှာ ဖြစ်တယ်လို့ NDF ပါတီခေါင်းဆောင်တွေက ကြိုတင်ပြောထားခဲ့ပေမဲ့လည်း လူမှုရေးကိစ္စတွေသာ ပြောဆိုဖြစ်ခဲ့တယ်လို့ ဆိုပါတယ်။

ဒီတွေ့ဆုံပွဲကိုတော့ NLD ဒု-ဥက္ကဋ္ဌ ဦးတင်ဦးနေအိမ်မှာ ပြုလုပ်ဖြစ်ခဲ့တဲ့အကြောင်း NLD ပြောခွင့်ရပုဂ္ဂိုလ် ဦးအုန်းကြိုင်က အခုလိုပြောပြပါတယ်။

"၁၁ နာရီလောက်မှာ ဒေါက်တာသိန်းငြိမ်းရယ်၊ ကိုခင်မောင်ဆွေရယ်၊ ဒေါက်တာဝင်းနိုင်ရယ်၊ ၃ ယောက်နဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့တွေ့ပါတယ်။ တွေ့ဆုံတဲ့နေရာက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှာမဟုတ်ပါဘူး။ ဒေါ်အောင်ဆန်းစုကြည်ရဲ့နေ အိမ်မှာလည်းမဟုတ်ပါဘူး။ဒုတိယဥက္ကဋ္ဌဦးတင်ဦးရဲ့နေအိမ်မှာတွေ့တာဖြစ်ပါတယ်။"

NLD ပြောခွင့်ရပုဂ္ဂိုလ် ဦးအုန်းကြိုင် ပြောပြခဲ့တာဖြစ်ပါတယ်။

တွေ့ဆုံရခြင်းရဲ့မူလရည်ရွယ်ချက်ဖြစ်တဲ့ NLD ပါတီက သူတို့ခွဲထွက်ပြီး ဘာကြောင့် ပါတီအသစ်တည်ထောင်ရတယ်ဆိုတဲ့ကိစ္စကို မဆွေးနွေးဖြစ်ဘဲ တခြားပုဂ္ဂိုလ်ရေး လူမှုရေးကိစ္စတွေကိုပဲ ဆွေးနွေးဖြစ်ကြတဲ့အကြောင်း NDF ပါတီဥက္ကဋ္ဌ ဒေါက်တာသန်းငြိမ်းက ရှင်းပြပါတယ်။

"ဒီနေ့တွေ့တာတော့ပုဂ္ဂိုလ်ရေးအရ တွေ့ကြတာပါပဲ။ ကျနော်တို့က NDF အနေနဲ့ တွေ့တာ မဟုတ်တဲ့အခါကျတော့ NDF ကိစ္စတွေ နိုင်ငံရေးကိစ္စတွေ မပြောဖြစ်သေးပါဘူး။"

**VOA ။** ။ ဆရာတို့ဘက်က ဘာကြောင့် ခွဲထွက်ရတယ် ဘာညာဆိုတာရှင်းလင်းဖြစ်ပါလားဆရာ။

"အဲဒါလည်း ကျနော်တို့မပြောသေးပါဘူး၊ မပြောဖြစ်ပါဘူး။ အခုဟာကတော့ ပုဂ္ဂိုလ်ရေးတွေ့ဆုံပွဲသက်သက်ပါပဲ။ ကျနော်တို့အရင်တုန်းက လုပ်ဖော်ကိုင်ဘက်ဟောင်းတွေလည်းဖြစ်တယ်၊ ရင်းနှီးတဲ့ပုဂ္ဂိုလ်တွေလည်းဖြစ်တယ်၊ ဆိုတော့ အရင်အတိုင်းပဲ ကျနော်တို့ ရင်းရင်းနှီးနှီးနဲ့တွေ့ဆုံဖြစ်ကြပါတယ်။"

**VOA ။** ။ ဘာတွေများပြောဖြစ်ကြပါလဲဆရာ၊ လူမှုရေးအရ အလာပသလာပလား တခြား ဘာတွေပြောဖြစ်ပါလဲ ဆရာ။

"လူမှုရေးပါပဲ။ အထူးသဖြင့် ကျနော်တို့က မတွေ့တာကြာတော့ ကျနော်တို့မိသားစုအကြောင်းတို့၊ ကျန်းမာရေးအကြောင်းတို့၊ ကျနော်တို့ကလည်း သူ့ရဲ့ကျန်းမာရေးကိစ္စတွေဘာတွေ အဲဒါတွေပဲ ပြောဖြစ်ပါတယ်။ တခြားနိုင်ငံရေးတော့မပါပါဘူးခင်ဗျ။"

**VOA ။** ။ ဒါဆိုရင်အနာဂတ်မှာနိုင်ငံရေးအရတူတာတွေတွဲလုပ်ဖို့တို့ ဘာတို့ကိစ္စတွေ၊ စောစောကဆရာတို့ကြိုပြီးပြောထားသလိုပေါ့၊ ပါတီခွဲထွက်ရခြင်းကိစ္စတွေက ဒီနေ့ မပြောဖြစ်ခဲ့ဘူးဆိုတော့ နောင်မှာ ထပ်တွေ့ပြီးတော့ပြောကြ ဆွေးနွေးကြဖို့ အစီအစဉ်ရှိပါသလား။

"နောက်ထပ်တွေ့ဖို့ သူတို့ကို ကျနော်တို့ကပြောပါတယ်။ သူကလည်း ရပါတယ်တဲ့၊ နောက်ထပ်တွေ့ဖို့လည်းပဲ လုပ်လို့ရပါတယ်လို့ ပြောပါတယ်။"

**VOA ။** ။ ဘယ်တော့တွေ့ဖြစ်မယ်ဆိုတာတော့ မသတ်မှတ်ရသေးဘူးလား။

"အဲဒါတော့ ကျနော်တို့ မရှိသေးပါဘူး။"

**VOA ။** ။ ဒီနေ့တွေ့တာက ဘယ်လောက်လောက် ကြာသွားလဲ။

"ကျနော်တို့ တနာရီလောက်ကြာပါတယ်။ ရှေ့မှာလည်း ကျနော်တို့ပါတီက အရင်တုန်းက NLD လူငယ်ခေါင်းဆောင်ဟောင်းတွေပေါ့၊ သူတို့ ၂ ယောက်လည်း သွားတွေ့တယ်။ သူတို့ပြီးတော့ ကျနော်တို့ဆက်တွေ့တာပေါ့ဗျာ။ ဒါက နှစ်ခုစလုံးမှာပဲ လူမှုရေးကိစ္စတွေကို ပြောဖြစ်ပါတယ်။ အကုန်လုံးအဆင်ပြေပါတယ်။ အဆင်ပြေတယ်လို့ဆိုတာက ကျနော်တို့ရဲ့ဆက်ဆံရေးက စိမ်းကားမနေ ဘူးပေါ့ ဗျာ။

အရင်တုန်းကလိုပဲ ခင်ခင်မင်မင် ရင်းရင်းနှီးနှီးနဲ့ ပျော်ပျော်ရွှင်ရွှင်ပဲရှိကြတယ်ဆိုတဲ့အကြောင်းကိုပဲ ကျနော်တို့ကပြောချင်တာပါ။ ဆိုလိုတာက တချို့အပြင်ကစိုးရိမ်နေသလို တွေ့ပြီးတော့ တဘက်နဲ့ တဘက် တင်းမာမှုတွေရှိလိမ့်မယ်လို့ ဘာတို့ ဒါမျိုးတွေတော့ ကျနော်ထင်ပါတယ်၊ မရှိဘူးထင်ပါတယ်။"

**VOA ။** ။ ဒါဆိုရင် အရင် ခင်မင်ရင်းနှီးခဲ့ကြတဲ့မိတ်ဆွေတွေလည်းဖြစ်တယ်၊ လုပ်ဖော်ကိုင်ဘက် ရဲဘော်ရဲဘက်တွေလည်းဖြစ်တယ် ပေါ့ ဆရာ။ ဆိုတော့ အရင်အနေအထားအတိုင်းပဲ နွေးနွေးထွေးထွေး ဆက်ဆံကြတယ်ပေါ့၊ အဲဒီလို ပြောလို့ရမလား၊ ဘယ်လိုရှိပါလဲ။

"ရပါတယ်၊ မှန်ပါတယ်။ အဲဒီအတိုင်းပါပဲ။"

**VOA ။** ။ ရှေ့မှာ လုပ်ငန်းတွေလုပ်ဖို့ ကိစ္စတွေကတော့ သတ်သတ်ထပ်တွေ့ကြပြီး ဆွေးနွေးကြမယ်ပေါ့။

"ဒါပေါ့ဗျာ၊ နောက်တွေ့တဲ့အခါကျတော့ ဒါ နှစ်ဘက်စလုံးက ပြောချင်တဲ့ဆန္ဒရှိတယ်ဆိုရင်လည်း ပြောလို့ ဖြစ်မှာပါ။"

NDF ပါတီဥက္ကဋ္ဌဒေါက်တာသန်းငြိမ်းပြောပြခဲ့တာဖြစ်ပါတယ်။

ဒီပါတီခေါင်းဆောင် ၃ ယောက်နဲ့မတွေ့ခင် တခြား NLD အဖွဲ့ဝင်ဟောင်းတွေဖြစ်ပြီး အခု NDF ပါတီမှာ ဝင်ရောက်လုပ်ကိုင်နေကြတဲ့ လူငယ် ၂ ဦးနဲ့လည်း ဒေါ်အောင်ဆန်းစုကြည်က သီးခြားတွေ့ဆုံခဲ့တယ်လို့ သိရပါတယ်။

# ပြည်တွင်း စာနယ်ဇင်းအဖွဲ့တခုကို စာပေစိစစ်ရေး ဖွဲ့စည်းပေး

**DVB ၊ ဒီဇင်ဘာ ၂၉ ။ ။** မြန်မာဂျာနယ်လစ်တွေရဲ့ အခွင့်အရေးတွေနဲ့ တွေ့ကြုံ ရင်ဆိုင်နေရတဲ့ အခက်အခဲတွေကို ကြားဝင်ဖြေရှင်းပေးနိုင်ဖို့ ပြန်ကြားရေးဝန်ကြီးဌာန လက်အောက်ရှိ စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနကနေကြီးမှူးပြီး စာနယ်ဇင်းအဖွဲ့တခုကို ဒီကနေ့ ဖွဲ့စည်းပေးလိုက်ပါတယ်။

Committee for Professional Conduct လို့ အမည်ရတဲ့အဖွဲ့ကို ပြည်တွင်းမှာ ထုတ်ဝေလျှက်ရှိနေတဲ့ ဂျာနယ် ၂၂ စောင်က အယ်ဒီတာတွေ၊ တာဝန်ရှိသူတွေ အပါအဝင် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့က တာဝန်ရှိသူတွေ၊ စာပေစိစစ်ရေး ညွှန်ကြားရေးမှူးတွေ အစည်းအဝေးပြုလုပ်ဖွဲ့စည်းလိုက်တာပါ။ ဒီလိုဖွဲ့စည်းလိုက်တာနဲ့ပတ်သက်ပြီး အစည်းအဝေးတက်ရောက်ခဲ့တဲ့ စာပေနှင့် စာနယ်ဇင်းအဖွဲ့ အထွေထွေအတွင်းရေးမှူး၊ ဖလားဝါးနယူးစ်နဲ့ ရန်ကုန်တိုင်မ်းဂျာနယ်တို့ရဲ့ အယ်ဒီတာချုပ် ဦးကိုကို (စက်မှုတက္ကသိုလ်) က အခုလို ပြောပြပါတယ်။

“ဒီနေ့ ၂၂ ယောက်နီးပါးလာတယ်။ လာပြီးတော့ စာပေစိစစ်ရေးမှာ တွေ့ကြပါတယ်။ ဖွဲ့လိုက်တဲ့ အဖွဲ့နာမည်က Committee for Professional Conduct လို့သုံးတယ်။ အဓိကကတော့ဖွဲ့လိုက်တာက ယာယီဖွဲ့တာပေါ့။ ဖွဲ့တယ်ဆိုတာ သက်ဆိုင်ရာ စာပေစိစစ်ရေးကနေသက်ဆိုင်ရာ ပုဂ္ဂိုလ်တွေမှာ အတည်ပြုချက်ယူပြီးသွားရင် အတည်ဖြစ်မှာပေါ့။ လောလောဆယ်ယာယီသဘောတူလိုက်တယ်ဆိုတဲ့ သဘောမျိုးပေါ့။ တရားဝင်ဖွဲ့စည်းတဲ့ စကားလုံးတော့ သုံးရမှာ တော်တော်ခက်ဦးမှာ။”

Committee for Professional Conduct အဖွဲ့ရဲ့ ဗဟိုအလုပ် အမှုဆောင် တွေအဖြစ် အနုပညာဦးစားပေးဂျာနယ်တွေဖြစ်တဲ့ အလင်းတန်းဂျာနယ် အယ်ဒီတာ ဆရာဦးဝင်းငြိမ်း၊ The First ဂျာနယ်က အယ်ဒီတာချုပ်ကိုအောင်စိုးသူ၊ သတင်းဂျာနယ်တွေဖြစ်တဲ့ The Voice ဂျာနယ်က အမှုဆောင် အယ်ဒီတာ ကိုကျော်မင်းဆွေ၊ ဗီးကလီး အလဲဗင်းဂျာနယ်က ဒေါက်တာသိန်းမြင့်၊ မြန်မာတိုင်းမ်ဂျာနယ်က ဦးမောင်မြတို့ကို ရွေးချယ်တင်မြှောက်ခဲ့ကြပါတယ်။ ဒီအဖွဲ့ဟာ ပြန်ကြားရေးဝန်ကြီးဌာနလက်အောက်ရှိ စာပေစိစစ်ရေး၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်း စတဲ့အဖွဲ့တွေနဲ့သုံးပွင့်ဆိုင် ဆောင်ရွက်သွားရမှာဖြစ်တယ်လို့လည်း ဒီအဖွဲ့သစ်ရဲ့ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်တဦးက ပြောပါတယ်။ ဒီလိုအဖွဲ့အစည်းတရပ် ပေါ်ပေါက်လာတဲ့ အပေါ်ကို ဦးကိုကို(စက်မှုတက္ကသိုလ်) ကတော့ အပြုသဘောဆောင် ကြိုဆိုလိုက်ပါတယ်။

“သိပ်ပြီးတော့ အများကြီး မျှော်လင့်ထားတဲ့လူတွေ အတွက်တော့တမျိုးဖြစ်ကောင်းဖြစ်မယ်။ ကျနော်တို့ကတော့ ဖြစ်နိုင်သလောက်နဲ့ လုပ်ငန်းစလို့ရမယ်။ ကျနော်ထင်တာတော့ ဘာမှမရှိတာထက် အခု အဖွဲ့တခုလောက်ရှိလာတယ်။ အဲဒီအဖွဲ့တွေကလည်း ဂျာနယ်လောကသားတွေအားလုံး ဂျာနယ်လစ်တွေနဲ့ စမန္တ ကို အခြေခံပြီးဖွဲ့တဲ့အဖွဲ့ ဖြစ်တော့ အဖွဲ့ရဲ့ရည်ရွယ် ချက်ကိုက ဥပမာ ပေါ်ပေါက်လာတဲ့ အခက်အခဲတွေ ပြဿနာတွေ၊ သတင်းစာရှင်းလင်းပွဲတွေ တက်မယ်ဆိုရင် သတင်းရယူခွင့်တွေ ရရှိအောင် ဆောင်ရွက်ပေးမှာတွေ အဲဒါမျိုးတွေ အစရှိသည်ပေါ့။”

“ကျင့်ဝတ်ပိုင်းဆိုင်ရာ ချိုးဖောက်မှုကြောင့် ဖြစ်လာတဲ့ပြဿနာကို ဖြေရှင်းဖို့ဂျာနယ်အချင်းချင်းဂျာနယ်နဲ့ တခြား အနုပညာလောက (သို့မဟုတ်) ဂျာနယ်လစ်တွေနဲ့တခြားသော အဖွဲ့အစည်းတွေ ကြားထဲမှာနားလည်မှုလွဲမှားခဲ့တာရှိရင် ကျနော်တို့က ကြားဝင်ဖြေရှင်းလို့ရတဲ့ အဖွဲ့တခုဖြစ်တဲ့ အတွက်ကြောင့် အရင်ကထက်စာရင် တဦးကောင်းတယောက်ကောင်းဂျာနယ်တခုလုပ်နေတာထက် စုစုစည်းစည်းနဲ့လုပ်မယ်ဆိုတဲ့ အတွက်ကြောင့်ကျနော်ထင်တာတော့ပိုကောင်းလာမယ်ထင်တယ်၊ ကျနော်တို့ လောကအတွက်တော့ပိုကောင်းလာမယ်။”

သတင်းထောက်တွေအပေါ် အမျိုးမျိုးဖိနှိပ်မှုတွေပြုလုပ်နေတဲ့ စာပေစိစစ်ရေးအဖွဲ့ကသတင်းထောက်အခွင့်အရေး ကာကွယ်ရေးဆိုင်ရာအဖွဲ့လို ဖွဲ့စည်းလိုက်တဲ့အပေါ် မြန်မာမီဒီယာ စောင့်ကြည့်အကဲခတ်အချို့နဲ့ပြည်တွင်းဂျာနယ် အယ်ဒီတာတွေက သံသယထား စောင့်ကြည့်ကြဖို့လိုတယ်လို့ဝေဖန်ပြောဆိုမှုတွေလည်းရှိနေပါတယ်။ ဒီအခြေအနေအပေါ်ကိုလည်း ဦးကိုကိုက အခုလို ဆက်ပြောပါတယ်။

“အခုသွားမယ့်စနစ်ပုံစံ အသစ်နဲ့ဆိုရင် အချိန်ခါကောင်းတွေကို ရနိုင်တယ် လို့ ကျနော် ထင်တယ်။ ဒီအဖွဲ့က အစကနဦး လုပ်တဲ့အတွက်ကြောင့် အထူးသတိ ထားလုပ်ရမယ်။ ကျနော်တို့ သွားတာလာတာ ဆောင်ရွက်တာက အစ သတိထားလုပ်ရမယ်။ ဒီအဖွဲ့တည်မြဲဖို့နဲ့ နောက်တခါ အဲဒီအဖွဲ့နဲ့အတူ အခြားသော အဖွဲ့အ စည်းတွေထဲမှာ အပြန်အလှန် ယုံကြည်မှုတည်ဆောက်ဖို့ ကျနော်တို့ ကြိုးစားဖို့တော့ အများကြီးလိုဦးမယ်။”

ဒီအဖွဲ့သစ်အနေနဲ့ပြည်တွင်းဂျာနယ်လစ်တွေ၊စာနယ်ဇင်းလောကသားတွေရဲ့ အခွင့်အရေးတွေကို အတိုင်းအတာတခုအထိ ကူညီဖြေရှင်းနိုင်ဖို့ကိုတော့ ဂျာနယ်လစ်အများစုက မျှော်လင့်နေကြပါတယ်။ လက်ရှိအခြေအနေမှာတော့ လွတ်လပ်တဲ့ ဂျာနယ်လစ်တွေ ဦးဆောင်ပြီး ဒီ လ ၃၁ ရက်နေ့ ကျင်းပပြုလုပ်ဖို့ စီစဉ်နေတဲ့ Myanmar Press Award ၂၀၁၀ ကို ပြန်ကြားရေးဝန်ကြီးဌာန အပါအဝင် စာပေစိစစ်ရေးရဲ့ ခွင့်ပြုချက် ချမှတ်မပေးသေးတာကြောင့် အကန့်အသက်မရှိ ရွှေ့ဆိုင်းထားရပါတယ်။

---

**စာမျက်နှာ ၃ မှ**

“အကျိုးရှိပါတယ်၊ အများကြီး အကျိုးရှိပါတယ်။ အကျိုးဖြစ်ထွန်းလာပါတယ်၊ အကုန်လုံးအတွက်။ လူငယ်တွေ အမြင်လည်း ကျယ်လာပါတယ်။ လူငယ်တွေ တော်တော်များများက၊ တချို့နေရာက လူငယ်တွေ၊ ရန်ကုန်တိုင်းက လူငယ်တွေ၊ မသိတဲ့သူ တော်တော်များများကျနော်တို့ ဒီမှာ တွေ့ခဲ့ရတယ်။ လူငယ်ကွန် ယက်ပေါ့၊ ပြောရမယ်ဆိုရင်တော့၊ အန်တီပြောပုံအရ လူငယ်ကွန်ယက်ကို ကျနော်တို့ တော်တော်များများ ဒီမှာစာရင်းပေးခဲ့တယ်။ တယောက်နဲ့တယောက် လုပ်ကိုင်ချင်တဲ့လူနဲ့၊ ပြီးတော့ စာမတတ်တဲ့ လူတွေကို စာတတ်ဖို့၊ တင်ပြနေတဲ့ လူတွေကို တင်ပြနေတဲ့ဟာလေးတွေ၊ အဲဒီအဖွဲ့တွေ ပြီးသွားတဲ့ အချိန်မှာ ကျနော်တို့ တယောက်နဲ့တယောက် ဖလှယ်ကြတာပေါ့။ ဖုန်းနံပါတ်တွေ ဘာတွေ၊ ဘယ်လိုဆက်သွယ်ရမယ် ဆိုတဲ့ဟာတွေ၊ ဒါက တိုးတက်တဲ့ အမြင်တခုကို ရခဲ့တာပဲ၊ ကျနော်တို့အတွက်ရခဲ့တာပေါ့။

“ကျနော်တို့လိုပဲ ကျန်တဲ့ လုပ်နေတဲ့ အဖွဲ့တွေလည်း ရှိတယ်။ ရှိနေတဲ့အတွက် ဒီလို အန်တီနဲ့တွေ့ဆုံတဲ့ အချိန်မှာ သူကလည်း လုပ်တယ်၊ ငါကလည်းလုပ်တယ်၊ ပိုပြီးတော့ ကျနော်တို့က ဝမ်းလည်း ဝမ်းသာတယ်။ လုပ်အားလည်း ပိုပြီးတော့ တက်ကြွတာပေါ့။ လုပ်ရတာပိုအဆင်ပြေတယ်ပေါ့။ ဟိုတုန်းက ကိုယ့်ရင်ထဲက ရှိတဲ့ဟာတွေ၊ ခံစားချက်တွေအကုန်လုံး တယောက်နဲ့တယောက်ဖလှယ်ခဲ့ရပါတယ်။”

ဒီကနေ့ NLD ရုံးချုပ်မှာ ပြုလုပ်တဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ လူငယ်တွေ တွေ့ဆုံပွဲကို တက်ရောက်ခဲ့တဲ့ လူငယ်တဦး ပြောပြခဲ့တာပါ။

လူငယ်တွေအကြားအသိပညာတိုးပွားလာအောင်NLDအနေနဲ့ အင်္ဂလိပ်စာသင်တန်း၊ ကွန်ပြူတာ နည်းပညာသင်တန်း ပို့ချပေးနိုင်ဖို့ စီစဉ်နေသလို နိုင်ငံရေး၊ လူမှုရေးဆိုင်ရာ ဟောပြောပွဲတွေကိုလည်း အခါအားလျော်စွာ ကျင်းပသွားမယ်လို့ တက်ရောက်လာကြတဲ့ လူငယ်တွေကို ဒေါ်အောင်ဆန်းစုကြည်က ပြောကြားခဲ့ပါတယ်။

# နိုင်ငံရေးပါတီတချို့ ပါတီရံပုံငွေအဖြစ် ဂျာနယ်စာစောင်ကို ပုံနှိပ်ထုတ်ဝေမည်

**DVB ၊ ဒီဇင်ဘာ ၂၉ ။ ။** နအဖစစ်အစိုးရ ကျင်းပပြုလုပ်တဲ့ ၂၀၁၀ ရွေးကောက်ပွဲကြောင့် ပေါ်ပေါက်လာရတဲ့ နိုင်ငံရေးပါတီတွေထဲက ပါတီတချို့က ပါတီရပ်တည်ရေး ရံပုံငွေရရှိရေးအတွက် ဂျာနယ်၊ စာစောင် ထုတ်ဝေတဲ့ ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်းတွေကို လုပ်ကိုင်ပြီး နိုင်ငံရေးရေချိန်ကို ဆက်လက်မြှင့်တင်သွားကြဖို့ ပြင်ဆင်မှုတွေရှိနေပါတယ်။

ရွေးကောက်ပွဲဝင်နိုင်ငံရေးပါတီတွေထဲက ဒီမိုကရက်တစ်ပါတီ(မြန်မာ)၊ ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)၊ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်စတဲ့ နိုင်ငံရေးပါတီတွေ ဂျာနယ်စာစောင်တွေထုတ်ဝေပြီး ရံပုံငွေရှာဖွေဖို့ ပြင်ဆင်နေကြတာလို့ အဲဒီပါတီခေါင်းဆောင်တွေက ပြောပါတယ်။ ဒီမိုကရက်တစ်ပါတီ (မြန်မာ)က ဒေါင်းအိုးဝေစာစောင်နဲ့ ကဒေါင်းဂျာနယ်တွေကို ထုတ်ဝေဖို့ရှိသလို ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)နဲ့ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်တို့ကတော့ ခွပ်ဒေါင်းစာစောင်နဲ့ ဒေါင်းရင်ပြင်ဂျာနယ်တွေကို အပတ်စဉ်ထုတ် ဂျာနယ်စာစောင်တွေအဖြစ် ထုတ်ဝေဖို့ ပြင်ဆင်နေကြတာပါ။ အဲ့ဒီထဲက ဒီမိုကရက်တစ်ပါတီ (မြန်မာ)ရဲ့ ဥက္ကဋ္ဌ ဦးသုဝေကတော့ သူတို့ပါတီအနေနဲ့ဂျာနယ်၊ စာစောင်ထုတ်ဝေရေး အပါအဝင် အခြားပုံနှိပ်လုပ်ငန်းတွေကို ပါပူးတွဲလုပ်ဆောင်ဖို့ စီစဉ်နေတယ်လို့ ပြောပါတယ်။

“အဲဒါတော့ ထုတ်ဖို့လုပ်နေပါတယ်၊ ဒေါင်းအိုးဝေကတော့အဓိကထားထုတ်မှာပေါ့၊ ရံပုံငွေလည်း များများတော့ ရမှာမဟုတ်ပါဘူး။အနည်း အကျဉ်းလောက်တော့ ရမှာပေါ့၊ နောက်တခု စဉ်းစားနေတာက ပုံနှိပ်စက်ပါ တွဲလုပ်မလားလို့ပေါ့၊ အဲဒါဆိုရင် ပုံနှိပ်စက်လုပ်ငန်းလေးနဲ့ဆို ပါတီရန်ပုံငွေလေးတော့ရမှာပေါ့၊ အခုပြန်ဖွဲ့စည်းတဲ့အခါကျတော့ နယ်တွေ လူသစ်တွေအတွက်ကို နိုင်ငံရေးသင်တန်းတို့ ဘာတို့ပေးရမှာပေါ့၊ အဲဒီသင်တန်းအတွက် ပို့ချတဲ့ စာသားတွေ ဘာတွေလည်း ထုတ်ရမှာပေါ့။”

၈၈ မျိုးဆက် ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)၊ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်စတဲ့ ဦးအေးလွင် ဦးဆောင် တဲ့ နိုင်ငံရေးပါတီတွေကတော့ စာစောင်ထုတ်ဝေရေးအတွက် အစုရှယ်ယာတွေ ရောင်းချပြုလုပ်ဖို့ စီစဉ်နေတယ်လို့ဆိုပါတယ်။

“အခုလောလောဆယ်တော့ စာနယ်ဇင်းထုတ်ဝေရေးပေါ့၊ ပါတီကနေစာစောင်ပေါ့၊ ဂျာနယ်လို စာစောင်ကို အပတ်စဉ် ထုတ်နိုင်ဖို့ အဲဒါကို ကျနော်တို့လုပ်နေတယ်၊ အဲဒါကို ကျနော်တို့ပါတီဝင်တွေ အားလုံးက မည်သူမဆို တစ်စုကို ၅,၀၀၀ နှုန်း သတ်မှတ်ပြီးတော့ အစုတသိန်း သတ်မှတ်ပြီးတော့ စာနယ်ဇင်းထုတ်ဝေရေးကိစ္စကို ကျနော်တို့ လုပ်နေတယ်။”

ပါတီနှစ်ခုရဲ့ စာစောင်တွေကို နှစ်ပတ်တကြိမ်ထုတ်အဖြစ် လာမယ့် ဇန်နဝါရီလ အတွင်းမှာ စတင်ထုတ်ဝေ ဖြန့်ချီသွားမယ်လို့လည်း ဦးအေးလွင်ကပြောပါတယ်။ ဒီလို နိုင်ငံရေးပါတီတွေအနေနဲ့ အပတ်စဉ်ထုတ်ဂျာနယ်၊ စာစောင်တွေအဖြစ် ထုတ်ဝေလာကြမယ့်အပေါ်ကို ပြည်တွင်းက သတင်းဂျာနယ်အယ်ဒီတာတဦးကတော့ ...

“ဈေးကွက်အရ ထိခိုက်မယ်လို့တော့မထင်ဘူး။ ဘာဖြစ်လို့လည်းဆိုတော့ ရွေးကောက်ပွဲကာလမှာ နမူနာပြန်ကြည့်ရင် ရွေးကောက်ပွဲကာလမှ မီဒီယာတွေမှာ နိုင်ငံရေးသတင်းတွေ သိပ်များသွားရင်တောင် လူတွေကမကြိုက်ကြဘူး။ အဲတော့ ပြည်တွင်းဂျာနယ်ကို ဖတ်နေတဲ့ ပရိတ်သတ်တွေအနေနဲ့ သိပ်ပြီးတော့ ရိမိုင်းလုပ်မယ်မထင်ဘူး။ ဘာလို့လည်းဆိုတော့ ပြည်တွင်းဂျာနယ်တွေက နာမည်ကြီးတဲ့ သတင်းဂျာနယ် စာစောင်တွေတောင်မှ နိုင်ငံရေးသတင်းတွေ သိပ်များနေရင် မကြိုက်ကြဘူး။ ပြီးတော့ လူတွေက စီးပွားရေးအကြောင်းတွေ၊ လူမှုရေးအကြောင်းတွေ ပိုစိတ်ဝင်စားတယ်၊ အဲဒီနိုင်ငံရေးအကြောင်းတော့ စိတ်မဝင်စားဘူး။ စိတ်ဝင်စားမှုနည်းတယ်၊ မြို့ပေါ်က လူတွေက လွဲပြီးတော့၊ တကယ်လို့ နိုင်ငံရေးပါတီတွေက လုပ်လာမယ်ဆိုရင်လည်း သူတို့က သူတို့ပါတီတခု ကိုယ်စားပြုတဲ့သတင်းတွေ ဆောင်းပါးတွေ အကြောင်းအရာတွေထည့်လာမယ်ဆိုရင် အရင်တုန်းကလည်း အဲလိုပဲ ထည့်ခဲ့တာဆိုတော့ လူတွေ က ပိုက်ဆံပေးဝယ်လိမ့်မယ်လို့တော့ မထင်ဘူး။”

နိုင်ငံရေးပါတီတွေအနေနဲ့ အခုလို ဂျာနယ်စာစောင်တွေ ထုတ်ဝေတဲ့နေရာမှာ ပြည်တောင်စုရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အပါအဝင် ပြန်ကြားရေးဝန်ကြီးဌာန လက်အောက်ရှိ စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနက ချမှတ်ထားတဲ့ တင်းကျပ်တဲ့ စည်းမျဉ်းစည်းကမ်း မူဘောင်တွေကြားကပဲ ထုတ်ဝေကြမှာဖြစ်ပါတယ်။

---

# ဒေါ်စုကို ဂုဏ်ထူးဆောင်နိုင်ငံသားဆုချီးမြှင့်

**DVB ၊ ဒီဇင်ဘာ ၂၉ ။ ။** မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်ကို ချီးမြှင့်ထားတဲ့ ဂုဏ်ထူးဆောင်နိုင်ငံသားဆုကို သင့်တော်တဲ့တချိန်မှာ လာယူဖို့ ကနေဒါဝန်ကြီးချုပ်ကိုယ်တိုင်က ဖိတ်ကြားလိုက်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်အပါအဝင် မြန်မာ့ဒီမိုကရေစီရေးအတွက် နှစ်ပေါင်းများစွာ စွန့်လွှတ်ဆောင်ရွက်နေသူ အားလုံးဘက်မှာ ကနေဒါနိုင်ငံက ရပ်တည်နေပြီး စစ်မှန်တဲ့ တွေ့ဆုံဆွေးနွေးရေးဆောင်ရွက်ဖို့ စစ်အစိုးရကို ထပ်ဆင့်တောင်းဆိုတယ်လို့လည်း ကနေဒါဝန်ကြီးချုပ် စတီဖင်ဟားပါးက ပြောကြားကြောင်း အေဂျင်စီ သတင်းတွေမှာ ဖော်ပြထားပါတယ်။ နိုဘယ်လ်ငြိမ်းချမ်းရေးဆု အပါအဝင် နိုင်ငံတကာရဲ့ ဆုတွေချီးမြှင့် ခံထားရ တဲ့ ဒေါ်အောင်ဆန်းစုကြည်က ဒီနေ့ သူ့ရဲ့ပါတီဝင်မဟုတ်တဲ့ လူငယ် ၂၀၀ ကျော်နဲ့ ရန်ကုန်မှာ တွေ့ဆုံခဲ့ပါသေးတယ်။ လူငယ်တွေရဲ့စိတ်ထဲမှာ ဘာတွေ ရှိနေသလဲဆိုတာကိုသိချင်တယ်လို့ အသက် ၆၅ နှစ်အရွယ် ဒေါ်အောင်ဆန်းစုကြည်က အသက် ၃၅ နှစ်အောက် လူငယ်တွေကိုပြောတယ်လို့ အေအက်ဖ်ပီသတင်းက ဖော်ပြပါတယ်။ လူငယ်တွေထဲမှာလည်း အမြင်အမျိုးမျိုးရှိနေပြီး အသက် ၂၃ နှစ်အရွယ် အမျိုးသမီးတဦးကဆိုရင် မြန်မာနိုင်ငံသားတွေဟာ လူတဦးတည်းပေါ် မှီခိုလွန်းနေတယ်လို့ ပြောပါတယ်။

ပခုက္ကူဘက်ကနေ ရောက်လာတဲ့ ကျောင်းသားတဦးကတော့ ဒေါ်စုတဦးတည်းနဲ့ အရာအားလုံးကို မလုပ်နိုင်တဲ့အတွက် သူတို့ဘက်က ဘာကူ ပေးရမလဲဆိုတာသိနိုင်ဖို့ ဒီပွဲကို လာတာလို့ပြောပါတယ်။ အသက် ၃၄ နှစ် အရွယ် အမျိုးသမီးတဦးကတော့ ဒေါ်စုဟာ ခေါင်းဆောင်ဖြစ်တာကတော့ မှန် တယ်၊ ဒါပေမယ့် သူ့မှာလည်း အကန့်အသတ်ရှိနေတယ်လို့ ပြောပါတယ်။ ဒါကြောင့် မျိုးဆက်သစ်လူငယ်တွေက ဘာတွေလုပ်ပေးနိုင်မလဲဆိုတာကို မေးမြန်းခဲ့တယ်လို့ အေအက်ဖ်ပီသတင်းက ဖော်ပြပါတယ်။ လူငယ်တွေနဲ့တွေ့ဆုံပွဲမှာ ဒေါ်အောင်ဆန်းစုကြည်ပြောကြားခဲ့တဲ့ မိန့်ခွန်းကောက်နုတ်ချက်ဖော် ပြလိုပါတယ်။

“နိုဝင်ဘာလ ၁၃ ရက်က အကျယ်ချုပ်က ထွက်လာပြီးတဲ့ အချိန်ကစပြီးတော့ ပြည်သူတွေရဲ့အသံကို ကြားချင်တယ်ဆိုပြီး ပြောခဲ့ပါတယ်။ အဲဒီထွက်လာတဲ့နေ့ကပဲ ကျမသတိထားမိတာတော့ ကျမတို့လှုပ်ရှားမှုထဲမှာ ထောက်ခံနေတာလည်း ပုဂ္ဂိုလ်အများစုက လုပ်တယ်။ တော်တော်ငယ်တဲ့ လူတွေဖြစ်ပါတယ်။ လူငယ်တွေဖြစ်ပါတယ်။ အဲဒါကို ကျမအင်မတန်မှ သဘောကျပါတယ်။ အဲဒီလို လူငယ်တွေရဲ့ အင်အားရှိမှသာလျှင် ကျမတို့ အနာဂတ်က လုံခြုံမှုရရှိမှာပါ။ စိတ်ပါဝင်စားတဲ့ တိုင်းပြည်ကို ပြောင်းလဲဖို့မှာ လူငယ်တွေက မိမိတို့တာဝန်တွေဖြစ်တယ်ဆိုတာ အဲဒါကြောင့်မို့ လူငယ်တွေက ဒီတာဝန်ကို ဘယ်လိုမြင်လည်း ဒီတာဝန်ကို ဘယ်လိုထမ်းဆောင်မယ်လို့ စိတ်ကူးလည်းဆိုတာ ကျမတို့သိဖို့အများကြီး လိုအပ်ပါတယ်။ အနာဂတ်ကို ထိန်းသိမ်းသွားရမှာ လူငယ်တွေ တာဝန်ဖြစ်ပါတယ်။”




**ဒီဇင်ဘာ ၂၅ | Assam Times ။ ။** အိန္ဒိယအစိုးရသည် နအဖနှင့် သဘောက်ခါတွေ့စဉ် မြန်မာတွင်း ပြေးဝင်ခိုလှုံသည့် ULFA သူပုန်များအား တိုက်ထုတ်ရန် တိုက်တွန်းဖွယ်ရှိ၏။

**ဒီဇင်ဘာ ၂၅ | BKK- Nation ။ ။** အိန္ဒိယ နိုဘဲလ်ဆုရှင် Amartya Sen သည် မြန်မာဒီမိုကရေစီသို့ကူးပြောင်းရေး အဆင့် ၁၀ ဆင့်နည်းဖြူဟာကြမ်းကို ကမ္ဘာသို့ထုတ်ပြန်၏။

**ဒီဇင်ဘာ ၂၅ | Times of India ။ ။** ဒီဇင်ဘာ ၂၇–၃၀ ဆွေးနွေးပွဲတွင် ဥပဒေကြောင်းလမ်းအရ နှစ်ဦးနှစ်ဖက် ယိုင်းပင်းဆောင်ရွက်ရေးကို အိန္ဒိယ မြန်မာနှစ်နိုင်ငံ သဘောလက်မှတ်ထိုးဖွယ်ရာရှိ၏။

**ဒီဇင်ဘာ ၂၆ | RFA ။ ။** စာနယ်ဇင်းဆုကို ကမ္ဘာ ၅ ခုခွဲ၍ နှစ်စဉ်ချီးမြှင့်ရန် ပြည်တွင် သတင်းစာတစုမှ စုပေါင်းကျင်းပမည်။

**ဒီဇင်ဘာ ၂၆ | RFA ။ ။** ဒေါ်အောင်ဆန်းစုကြည်အား ဖိလစ်ပိုင်အထက်လွှတ်တော်အမတ် Loren Legarda မှ နေအိမ်သို့ လာရောက်တွေ့ဆုံ၏။

**ဒီဇင်ဘာ ၂၇ | RFA ။ ။** ဒေါ်အောင်ဆန်းစုကြည်နှင့် ဗိုလ်ချုပ်သန်းရွှေတို့တွေ့ဆုံဆွေးနွေးရန် လိုကြောင်း UDP အဖွဲ့ မှ ဆို၏။

**ဒီဇင်ဘာ ၂၇ | RGN ။ ။** မိခင်ဒေါ်ခင်ကြည်အနိစ္စရောက်သည့် ၂၂ နှစ်မြောက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည်သည် နေအိမ်တွင် သံဃာများကို ဆွမ်းလှူဒါန်း၏။

**ဒီဇင်ဘာ ၂၇ | MCOT ။ ။** မြန်မာနှင့် ကရင်တပ်မမှူးများအကြား အပစ်အခတ်ရပ်စဲပြီးနောက် စနေနေ့တွင် ထိုင်းအာဏာပိုင်များသသည် ကရင်မိသားစု ၁၃ စု (၆၅ ဦး) အားလှေများဖြင့် မြန်မာဖက်သို့ ပြန်ပို့ခဲ့၏။

**ဒီဇင်ဘာ ၂၇ | ND ။ ။** အမေရိကန်စကား နားမဝင်ဘဲ အိန္ဒိယသည် နအဖနှင့် ကလားတန်လမ်းပမ်းဆက်သွယ်ရေးစီမံကိန်းတွင် ခြေစုံပစ်ဝင်နေ၏။

**ဒီဇင်ဘာ ၂၇ | Irrawaddy ။ ။** ထိုင်းမှ မြန်မာဖက်သို့ပြန်စေခဲ့သော ကရင်ဒုက္ခသည်များစွာသည် ထိုင်းအာဏာပိုင်များအား ကြောက်၍ပြန်ခဲ့သော်လည်း နေအိမ်ရွာသို့ မပြန်ဝံ့၍ လမ်းခုလတ်တွင် ပုန်းအောင်းနေကြောင်း ကရင်အမျိုးသမီးအဖွဲ့ မှဆို၏။

**ဒီဇင်ဘာ ၂၇ | Mizzima ။ ။** ပင်လုံညီလာခံ (၂) သည် စစ်တပ်မပါ၍ ထိရောက်နိုင်မည်မဟုတ်သလို၊ နအဖ၏ နိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့်၄င်း၊ ၂၀၁၀ နိုဝင်ဘာရွေးကောက်ပွဲနှင့်၄င်း၊ ပြဒါးတလမ်းသံတလမ်းစီဖြစ်၏။ သို့ပါ၍ ၂ ဖက်ညှိနိုင်ဖွယ်အချက်များကို ထည့်သွင်းစဉ်းစားရန်လို၏။

**ဒီဇင်ဘာ ၂၇ | OTTAWA ။ ။** ကနေဒါဝန်ကြီးချုပ် Stephen Harper သည် ဒေါ်အောင်ဆန်းစုကြည်အား ကနေဒါသို့ လူကိုယ်တိုင်လာ၍ ကနေဒါ ဂုဏ်ထူးဆောင် နိုင်ငံသားဆုရယူရန် ဖိတ်ခေါ်၏

**ဒီဇင်ဘာ ၂၈ | RFA ။ ။** ဓါတ်ပုံသတင်းထောက် စည်သူဇေယျာအား ထောင် ၈ နှစ်ချလိုက်၍ ပြင်သစ်အခြေစိုက် နယ်ခြားမဲ့သတင်းထောက်များအဖွဲ့မှ နအဖအား ပစ်တင်ရှုတ်ချ၏။

**ဒီဇင်ဘာ ၂၈ | RFA ။ ။** အမေရိကန်ပြည်ထောင်စု၏ ယခုနှစ်အချစ်ခင်ဆုံးတိုင်းတပါးသူစာရင်းတွင် ဒေါ်အောင်ဆန်းစုကြည်လည်းပါကြောင်း။

**ဒီဇင်ဘာ ၂၈ | RFA ။ ။** မန္တလေးတိုင်းအတွင်း နိုင်ငံရေးအကျဉ်းသားများကို ပံ့ပိုးသော အဲန်အဲလ်ဒီဝင်များသည် နိုင်ငံရေးအကျဉ်းသား ၄ ဦးသို့ကျပ် ငါးသောင်းစီ ယနေ့ကူညီခဲ့ကြောင်း။

**ဒီဇင်ဘာ ၂၈ | GENEVA ။ ။** ဝ လေးစခန်းတပ်ခ်ပြည်နယ်တွင် ထိုင်းအာဏာပိုင်များသည် မြန်မာ ၁၆၆ ဦး၊ ကျား မ ခလေးဒုက္ခသည်တို့အား မြန်မာသို့ပြန်လွှတ်၍ ကုလအဖွဲ့မှ သတိပေးခဲ့ရ၏။

**ဒီဇင်ဘာ ၂၉ | RFA ။ ။** ချင်းပြည်နယ် စားနပ်ရိက္ခာရှားပါးနေ၍ အဲန်အဲလ်ဒီမှကူညီရန် ချင်းပြည်နယ်အဲန်အဲလ်ဒီမှ အချက်အလက်များစုဆောင်းနေ၏။

**ဒီဇင်ဘာ ၂၈ | UPI စစ်တွေ ။ ။** ဂီရိမုန်တိုင်းဒဏ်ထိ လယ်သမားနှင့်တံငါများသည် လိုအပ်သောအကူအညီများမရ၍ အကြွေးထဲနစ်နိုင်ကြောင်း။ ကုလစားနပ်ရိက္ခာ အရာရှိတဦးမှဆို၏။

**ဒီဇင်ဘာ ၂၈ | canada.com ။ ။** ဒေါ်အောင်ဆန်းစုကြည်အား ကနေဒါသို့ဖိတ်ခေါ်၍ ဂုဏ်ထူးဆောင်နိုင်ငံသားပေးခြင်းသည် ကောင်းသော်လည်း ကနေဒါသည် မြန်မာဒီမိုကရေစီရရေးအတွက် လူပ်ရှားမှုလုပ်ငန်းများကို ထောက်ခံငွေကြေးအကုန်အကျခံ လုပ်ဆောင်သင့်ကြောင်း ဟန်ညောင်ရွှေမှဆို၏။

**ဒီဇင်ဘာ ၂၈ | Mizzima ။ ။** ဒေါ်အောင်ဆန်းစုကြည်နှင့်ဆွေးနွေးပြီးနောက် လူငယ်များသည် လူငယ်အဖွဲ့များကွန်အဖွဲ့သစ် ဖွဲ့ဖြစ်၏။

**ဒီဇင်ဘာ ၂၉ | Time ။ ။** ဒေါ်အောင်ဆန်းစုကြည်သည် လွတ်မြောက်နေသော်လည်း တာဝန်ကြီးမားလှပြီး နအဖသည် အချိန်မရွေးအကြောင်းရှာ ဖမ်းမည်ကိုစိုးရိမ်ရကြောင်း၊ သူမလွတ်သည်ဖြစ်စေ အဖမ်းခံနေရသည်ဖြစ်စေ သူမသည် လူထု၏အသည်းနှလုံးထဲတွင်ရှိကြောင်း။

**ဒီဇင်ဘာ ၂၉ | Herald Sun ။ ။** ဒေါ်အောင်ဆန်းစုကြည်သည် အသက် ၃၅ နှစ်အောက် လူငယ်လုပ်ရှားသူများနှင့် တွေ့ဆုံ၏။

**ဒီဇင်ဘာ ၂၉ | Oakland Press-USA ။ ။** Orian-jrdkhe မှ Bob-Bob Hagerty နှင့် ဇနီးသည် သည် မြန်မာတွင် မိဘမဲ့ခလေးဂေဟာသုံးခုမှ ခလေးများ၏ ကျန်းမာရေးပညာရေးကို တာဝန်ယူနေ၏။

**ဒီဇင်ဘာ ၂၉ | RGN ။ ။** ရခိုင်ပြည်နယ် ဝေးလန်ရွာအချို့တွင် ကုလ၏ အမျိုးသမီးအသက်မွေးသင်တန်းများကြောင့် အမျိုးသမီးများ ဝင်ငွေနှင့် လူမှုဆက်ဆံရေး အဆင်ပြေစေ၏။

**ဒီဇင်ဘာ ၂၉ | Irrawaddy ။ ။** မြန်မာသတင်းဂျာနယ်ဇင်းပုဂ္ဂိုလ်တစုမှ ဦးစီးသည့်ဒီဇင်ဘာ ၃၁ တွင် ကျင်းပမည့် ၂၀၁၀ ခုနှစ် မြန်မာသတင်းလောက ဂုဏ်ထူးဆောင်ဆု Myanmar Press Award ပေးပွဲအား PSRD အာဏာပိုင်များ၏အမိန့်ကြောင့် ရက်ရွှေ့ရ၏။

**စာမျက်နှာ ၁၃ သို့**

# ကျောင်းသားတပ်မတော်ကို အကြမ်းဖက်အဖွဲ့စာရင်းက ပယ်ဖျက်တော့မည်

**RFA | ဒီဇင်ဘာ ၂၈ ॥** ॥ ဒီသတင်းနဲ့ပတ်သက်လို့ အမေရိကန်ပြည်ထောင်စုမှာ ဒုက္ခသည်အဖြစ်ခိုလှုံနေထိုင်ခွင့်ရထားတဲ့ မြန်မာ ကျောင်းသားတပ်မတော် ABSDF အဖွဲ့ဝင်ဟောင်းတွေဆီကို ဒေသဆိုင်ရာ လူထုအထောက်အကူပြုအဖွဲ့အစည်းကတဆင့် ဒီဇင်ဘာလ ၂၂ ရက်မှာ အကြောင်းကြားခဲ့တယ်လို့ ABSDF ဥက္ကဋ္ဌဟောင်း ဦးထွန်းအောင်ကျော်က အာအက်ဖ်အေကို ပြောပါတယ်။

အမေရိကန်ပြည်တွင်းလုံခြုံရေးဝန်ကြီးဌာနက ပယ်ဖျက်တော့မယ့်ဥပဒေဟာ Green Card လို့ခေါ်တဲ့ အမြဲတမ်းနေထိုင်ခွင့်နဲ့ နိုင်ငံသားဖြစ်ခွင့်အတွက် ကန့်သတ်ခံထားရတဲ့ ABSDF အဖွဲ့ဝင်ဟောင်းတွေသာမက မြန်မာနယ်စပ်တလျှောက်မှာ လက်နက်စွဲကိုင်တော်လှန်နေတဲ့ လက်ရှိအဖွဲ့ဝင်တွေအတွက်ပါ အကျိုးဝင်တယ်လို့ ဦးထွန်းအောင်ကျော်ကဆိုပါတယ်။

"လက်ရှိတာဝန်ထမ်းဆောင်နေတဲ့ ABSDF အဖွဲ့ဝင်တွေကိုလည်း အကြမ်းဖက်အဖွဲ့ဝင်မဟုတ်တော့ဘူးလို့ ဒါ သတ်မှတ်လိုက်တာပေါ့။ အကြမ်းအဖွဲ့လို့သတ်မှတ်တာ အဓိက ကတော့ လူတွေအများအပြားသေကြေဖို့လုပ်တဲ့ကိစ္စတွေ၊ နောက်ပြီးတော့ အမေရိကန်နိုင်ငံတွင်းမှာလာပြီးတော့ အမေရိကန် နိုင်ငံသူ နိုင်ငံသားတွေကို သေကြေပျက်ဆီးအောင်ကြံစီတဲ့အဖွဲ့အစည်းတွေကို အဓိက ဦးတည်ပြီးတော့ အကြမ်းဖက် အဖွဲ့အစည်းလို့သတ်မှတ်တာဖြစ်တယ်။"

အမေရိကန်ပြည်ထောင်စုမှာ ၂၀၀၁ ခုနှစ်က 9/11 အကြမ်းဖက်တိုက်ခိုက်ခံခဲ့ရပြီးတဲ့နောက် မြန်မာနိုင်ငံမှာ စစ်အစိုးရကို လက်နက်ကိုင်ဆန့်ကျင်နေကြတဲ့အဖွဲ့တွေကို ပြည်တွင်းလုံခြုံရေးဝန်ကြီးဌာနက အကြမ်းဖက်အုပ်စုစာရင်းထဲမှာ ထည့်သွင်းသတ်မှတ်ခဲ့ပါတယ်။

ဒါပေမယ့် လွန်ခဲ့တဲ့သုံးလေးနှစ်လောက်ကစပြီး KNU နဲ့ တခြား တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေကို အဲဒီစာရင်းထဲကနေ ပယ်ဖျက်ပေးခဲ့ပါတယ်။ ကျောင်းသားတပ်မတော် ABSDF အဖွဲ့ တခုတည်းသာ အကြမ်းဖက်အုပ်စုစာရင်းထဲမှာကျန်ခဲ့တာ ဖြစ်ပါတယ်။

အခုလို ပယ်ဖျက်တော့မယ်ဆိုတာကြောင့် အမေရိကန်ရောက် အဖွဲ့ဝင်ဟောင်းတွေအတွက် ကန့်သတ်ချက်တွေရှိတော့မှာ မဟုတ်ဘူးလို့ ဦးထွန်းအောင်ကျော်က ပြောပါတယ်။ ဒီလိုပယ်ဖျက်နိုင်အောင် အမေရိကန်လွှတ်တော်အမတ်တွေကလည်း ဝိုင်းဝန်း ကူညီပေးခဲ့တယ်လို့ဆိုပါတယ်။

ဒီကိစ္စနဲ့ပတ်သက်လို့ အမေရိကန် ပြည်တွင်း လုံခြုံရေးဝန်ကြီးဌာနက မကြာခင် သတင်းထုတ်ပြန်မယ်လို့ သိရပါတယ်။ RFA က သက်ဆိုင်ရာဌာနကို ဆက်သွယ်မေးမြန်းဖို့ကြိုးစားခဲ့ပေမယ့် နှစ်သစ်ကူးအားလပ်ရက်အတွင်း ရုံးတွေပိတ်ထားတာကြောင့် ပြန်လည်ဖြေဆိုမယ့်သူမရှိခဲ့ပါဘူး။

## ဒေါ်အောင်ဆန်းစုကြည် မိခင်ကြီးအတွက် ဆွမ်းကပ်လှူ

**RFA | ဒီဇင်ဘာ ၂၇ ॥** ॥ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က မိခင်ကြီးဒေါ်ခင်ကြည်ကွယ်လွန်တဲ့ ၂၂ နှစ်မြောက်နေ့အဖြစ် ဒီကနေ့ တက္ကသိုလ်ရိပ်သာလမ်းနေအိမ်ကို သံဃာတော်တွေပင့်ဖိတ်ပြီး ဆွမ်းကပ်လှူခဲ့ကြောင်း သိရပါတယ်။

ကွယ်လွန်သူမိခင်ကြီးအတွက် ရွှေတောင်တန်း သာသနာ့ရိပ်သာနဲ့ ချမ်းမြေ့ရိပ်သာကျောင်းက ဆရာတော် သံဃာတော် စုစုပေါင်းဆယ်ပါးကို မနက် ၁၀ နာရီခွဲမှာ ဆွမ်းကပ်လှူခဲ့ပါတယ်။

ဒီ့အပြင် တခြားဘာသာပေါင်းစုံက သာသနာပြု ပုဂ္ဂိုလ်တွေကလည်း ဒေါ်ခင်ကြည်အတွက် ဆုတောင်းပွဲတရပ်ကို ဒေါ်အောင်ဆန်းစုကြည်ရဲ့နေအိမ်မှာပဲ ဒီကနေ့ နေ့ခင်းတနာရီခွဲမှာ ကျင်းပခဲ့တယ်လို့ NLD ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ပြန်ကြားရေးတာဝန်ခံ ဦးအုန်းကြိုင်က RFA ကို ပြောပါတယ်။

"သိက္ခာတော်ရဆရာတော် ဒေါက်တာအာသာကိုလေးနဲ့ ခရစ်ယာန်အဖွဲ့၊ ဦးခင်မောင်ရွှေဦးဆောင်တဲ့ ခရစ်ယာန်အဖွဲ့၊ သိက္ခာတော်ရဆရာကြီး ရဂျီဦးဆောင်တဲ့ ရှိမင်ကက်သလစ်ဆုတောင်းအဖွဲ့၊ အစ္စလာန် ဓမ္မဗိမာန်ကဦးအေးလွင်နဲ့အဖွဲ့၊ ဦးလှအောင်ဦးဆောင်တဲ့ ဟိန္ဒူဘာသာရေးအဖွဲ့တို့က မိခင်ကြီးဒေါ်ခင်ကြည်အတွက် အလှည့်ကျ ဆုတောင်းကြပါတယ်"

ဆွေမျိုးသားချင်းတွေနဲ့ ဘာသာရေးပုဂ္ဂိုလ်တွေရဲ့မေတ္တာရပ်ခံချက်အရ ဒေါ်အောင်ဆန်းစုကြည်က မိခင်ကြီးရဲ့ကျေးဇူးတရားတွေကို အနည်းငယ်ပြောကြားခဲ့တယ်လို့ ဆိုပါတယ်။ ဒီကနေ့အလှူပွဲကို NLD ဒုတိယဥက္ကဋ္ဌဦးတင်ဦးလည်း တက်ရောက်ခဲ့ပါတယ်။

ညနေပိုင်းမှာတော့ ဒေါ်အောင်ဆန်းစုကြည်ဟာ ရွှေတိဂုံဘုရားအနီး ကန်တော်မင်မှာရှိတဲ့ မိခင်ကြီးဒေါ်ခင်ကြည်ရဲ့ အုတ်ဂူကို သွားရောက်ပြီး ဂါရဝပြုခဲ့ကြောင်း သိရပါတယ်။

## မန္တလေး NLD နိုင်ငံရေးအကျဉ်းသားများအား ကူညီ

**RFA | ဒီဇင်ဘာ ၂၇ ॥** ॥ မန္တလေးတိုင်းအတွင်းက နိုင်ငံရေးအကျဉ်းသားတွေကို ကူညီထောက်ပံ့ပေးနေတဲ့ မန္တလေး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်တွေက နိုင်ငံရေးအကျဉ်းသား ၄ ဦးအတွက် အလှူငွေ ကျပ် ၅ သောင်းစီ ဒီကနေ့ ထောက်ပံ့ကူညီပေးခဲ့တယ်လို့ သိရပါတယ်။

မန္တလေး NLD အဖွဲ့ဝင်တွေ စုပေါင်းဖွဲ့စည်းထားတဲ့ နိုင်ငံရေး အကျဉ်းသားများကူညီစောင့်ရှောက်ရေးအဖွဲ့က လစဉ် နိုင်ငံရေးအကျဉ်းသားတွေကိုကူညီထောက်ပံ့ပေးနေရာ အခုလအတွက် နိုင်ငံရေးအကျဉ်းကျ NLD အဖွဲ့ဝင် ၂ ဦးနဲ့ တခြား နိုင်ငံရေးအကျဉ်းသား ၂ ဦးကို ကူညီထောက်ပံ့ပေးခဲ့ကြောင်း အဖွဲ့ပြောရေးဆိုခွင့်ရှိသူ ဦးကိုလေးက RFA ကို ပြောပါတယ်။

မန္တလေးထောင်မှာ ထောင်ဒဏ် ၁၂ နှစ်နဲ့ ၆ လ ကျခံနေရတဲ့ မိုးကုတ်က ကိုမင်းသူ၊ ပူတာအိုထောင်မှာ ထောင်ဒဏ် ၅ နှစ် ကျခံနေရတဲ့ ဦးရဲမြင့် ခေါ် ဆရာရဲ၊ မန္တလေးထောင်မှာ ထောင်ဒဏ် ၄၈ နှစ်ကျခံနေရတဲ့ ဦးသန်းအောင်တို့ကို ကူညီထောက်ပံ့ပေးခဲ့ကြောင်း ပြောပါတယ်။

ပဲခူးထောင်မှာ ထောင်ဒဏ် ၈ နှစ် ကျခံနေရတဲ့ NLD အဖွဲ့ဝင် ကိုဝဏ္ဏအောင်အတွက် မန္တလေးမြို့မှာရှိတဲ့ မိဘတွေကိုပေးအပ်ခဲ့ပြီး

**စာမျက်နှာ ၁၄ သို့**



# သတင်းတိုထွာဖတ်စရာ

## အလံကို အဝမ္ဗဝယ်ခိုင်းခြင်း

ဇန်နဝါရီ ၄ ရက် လွတ်လပ်ရေးနေ့မှာ အလံလွှင့်ထူဖို့ရန်ကုန်မှာရှိတဲ့ ရပ်ကွက်အာဏာပိုင်တွေက ဈေးဆိုင်တွေနဲ့တခြား စီးပွားရေးလုပ်ငန်းတွေကို အလံလွှင့်ထူဖို့အတွက် နအဖအလံသစ်ကို တခုကျပ် ၂၅၀၀ နဲ့အတင်းအကျပ်လိုက်ရောင်း တယ်လို့သိရပါတယ်။မြန်မာပြည်သူတွေကတော့ မလွတ်လပ်တဲ့စိတ်ခံစားနေရလို့ လွတ်လပ်ရေးနေ့မှာ အလံလွှင့်ထူဖို့ စိတ်တောင်မရှိကြဘူးလို့ပြောကြပါတယ်။ (INTERNET, 2.1.2011)

## လွှတ်တော်အစည်းအဝေး

စစ်အုပ်စုရဲ့ပါတီဖြစ်တဲ့ ကြံ့ဖွံ့ပါတီကိုယ်စားပြုအမတ်ဖြစ်တဲ့ ဇေကမ္ဘာဦးခင်ရွှေက ဇန်နဝါရီလလယ်မှာ ပြည်သူ့လွှတ်တော်၊ အဲဒီနောက်တပတ်ကြာတဲ့အခါ အမျိုးသားလွှတ်တော်နဲ့ ဇန်နဝါရီလကုန်ပိုင်းမှာလွှတ်တော် ၂ ရပ်ပေါင်းဖြစ် တဲ့ပြည်ထောင်စုလွှတ်တော်ကိုကျင်းပဖို့စီစဉ်ထားတယ်လို့ပြောပါတယ်။ အမတ်ဦးခင်ရွှေကနိုင်ငံရေးနဲ့ပတ်သက်တဲ့ပေါ်လစီကိုခေါင်းဆောင်တွေကလုပ်မှာဖြစ်ပြီးသူတို့ လိုစီးပွားရေးသမားတွေက စီးပွားရေးနဲ့ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်ကြရလိမ့်မယ်လို့ပြောပါတယ်။ (DVB, 27.12.2010)

## ဂီရိနောက်ဆက်တွဲအကျိုး

လွန်ခဲ့တဲ့အောက်တိုဘာလအတွင်းက ရခိုင်ပြည်နယ်တွင်းတိုက်ခတ်ခဲ့တဲ့ ဂီရိမုန်တိုင်းကြောင့် ငါးလုပ်ငန်းနဲ့စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူတွေဟာ အကြွေးပင်လယ်ထဲမှာ ကူးခတ်နေကြရတယ်လို့သိရပါတယ်။ အကြောင်းကတော့ ပျက်စီး သွားတဲ့သူတို့ရဲ့အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေ ပြန်လည်လုပ်ကိုင်နိုင်ဖို့ ငွေကြေးထောက်ပံ့မှုတွေမရလို့ ချေးငှားတာတွေလုပ်ကြရလို့ဖြစ်တယ်လို့ ကုလသမဂ္ဂစားနပ်ရိက္ခာနဲ့စိုက်ပျိုးရေးအဖွဲ့ရဲ့အရာရှိတဦးက ပြောပါတယ်။ (UPI, 28.12.2010)

## ပြည်ပမှငွေလွှဲဝင်ငွေ

ပြည်ပမှာအလုပ်လုပ်နေတဲ့ မြန်မာပြည်သားတွေကနေပြည်တွင်း ရှိမိသားစုဝင်တွေအတွက် ငွေလွှဲလုပ်ငန်းလုပ်ကိုင်နေသူတွေကနေတဆင့်ပေးပို့တဲ့ငွေဟာ ပမာဏအတော်ကြီးမားတယ်လို့ ဩစတြေးလျားနိုင်ငံရှိ တက္ကသိုလ်တခုရဲ့စစ်တမ်းအရ သိရပါတယ်။ ထိုင်းနိုင်ငံတခုတည်းမှာပင် တနှစ်ကို ဒေါ်လာ သန်း ၃၀၀ ကျော်ရှိပြီး ဒါဟာမြန်မာပြည်သို့ပြည်ပမှတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုထက် ပိုတယ်လို့ဆိုပါတယ်။ ဒီလိုပဲ နိုင်ငံတကာရောက်မြန်မာတွေကနေ ငွေလွှဲတဲ့ ပမာဏကိုပါထည့်သွင်းတွက်ချက်လိုက်ရင် ဒေါ်လာသန်းတထောင်ကျော်သွားနိုင်တယ်လို့ ဂျပန်ရောက်မြန်မာတဦးက ခန့်မှန်းပါတယ်။ (IRIN, VOB, 31.12.2010)

## အမေရိကန်ရည်ရွယ်ချက်

အမေရိကန်အစိုးရဟာ ၂၀၁၁ ခုနှစ်အတွင်း ဒေါ်အောင်ဆန်းစုကြည်နဲ့ရော စစ်အစိုးရနဲ့ပါ ဆက်သွယ်မှုတွေပိုမိုလုပ်ဖို့ ရည်ရွယ်တယ်လို့သိရပါတယ်။ အမေရိကန်နိုင်ငံခြားရေးဌာနပြောရေးဆိုခွင့်ရှိသူတဦးက မြန်မာအစိုးရနဲ့ဆက်ဆံရေးမူအတိုင်း ဆက်လက်လျှောက်လှမ်းသွားဖို့ရှိတယ်လို့ပြောပါတယ်။အဲဒါအပြင် နိုင်ငံရေးအကျဉ်းသားတွေကိုလွှတ်ပေးရေးဟာ အရေးကြီးတယ်ဆိုတာနဲ့ ဒေါ်စုနဲ့အတိုက်အခံအင်အားစုတွေနဲ့ပါပိုမိုနီးကပ်စွာအလုပ်လုပ်ချင်တယ်လို့လည်း ပြောပါတယ်။ (UPI, 30.12.2010)

## ဂီရိရန်ပုံငွေဂီတပွဲ

အောက်တိုဘာ ၂၂ ရက်နေ့ကတိုက်ခတ်ခဲ့တဲ့ ဂီရိမုန်တိုင်းဘေးသင့်ခဲ့ရသူတွေအတွက် ရံပုံငွေဂီတဖျော်ဖြေပွဲကို ဒီဇင်ဘာ ၃၀ ရက်နေ့ရန်ကုန်မြို့သုဝဏ္ဏအားကစားကွင်းမှာပြုလုပ်ခဲ့ပါတယ်။ ဂီရိမုန်တိုင်းကြောင့် ရာနဲ့ချီတဲ့ငါးဖမ်းလှေတွေနဲ့ ထောင်နဲ့ချီတဲ့ပုစွန်မွေး မြူရေးကန်တွေပျက်စီးခဲ့ရတယ်လို့သိရပါတယ်။ အဲဒါအပြင် စိုက်ပျိုးမြေဧရိယာဟက်တာ ၂၇၀၀၀ ကျော်လည်း ပျက်စီးခဲ့ရပါတယ်။ အနည်းဆုံးအိမ်ခြေ ၂ သိန်းကျော်ပျက်စီးခဲ့ရပြီး လူ တသိန်းကျော်ဟာ အိုးမဲ့အိမ်မဲ့ဖြစ်နေရပါတယ်။ (PEOPLE’S DAILY, 30.12.2010)

## မြန်မာဘဏ်နှင့်ပေါင်းမည့်ထိုင်းဘဏ်များ

နှစ်နိုင်ငံအကြားကုန်သွယ်မှုတွေလုပ်တဲ့အခါ ပေးချေမှုတွေအဆင်ပြေဖို့အတွက် ထိုင်းဘဏ်ဟာ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် မြန်မာရင်းနှီးမြှုပ်နှံမှုနဲ့ကူးသန်းရောင်းဝယ်ရေးဘဏ်တွေနဲ့ပေါင်းပြီး ငွေစာရင်းလွှဲပြောင်းမှုတွေလုပ် မယ်လို့သိရပါတယ်။ အမေရိကန် ဒေါ်လာသုံးပြီးပေးချေရတဲ့အခါမျိုးမှာ အမေရိကန်ဒေါ်လာကိုမသုံးပဲနှစ် နိုင်ငံသုံးငွေကြေးနဲ့စာရင်းပြုပြီးပေးချေမှုလုပ်မှာဖြစ်ပါတယ်။ နအဖပိုလ်ချုပ်တွေအပေါ်အမေရိကန်ရဲ့ဒဏ်ခတ်ပိတ်ဆို့မှုဂယက်ဖြစ်ပါတယ်။ (XINHUA, VOB, 2.1.2011)

# နှစ်ဆန်းပိုင်းခေါ်မည့် လွှတ်တော်သုံးရပ်အတွက် နိုင်ငံရေးပါတီတွေပြင်ဆင်

**VOA ၊ ဒီဇင်ဘာ ၂၉ ။** ။ ၂၀၁၁ နှစ်ဆန်းပိုင်းမှာခေါ်ယူရမယ့် လွှတ်တော်သုံးရပ်အတွက် ဥပဒေမူကြမ်းတွေတင်သွင်းနိုင်ဖို့ အနိုင်ရ နိုင်ငံရေးပါတီတွေ ကြိုတင်စဉ်းစားပြင်ဆင်တာတွေလုပ်နေကြပါပြီ။ သတ်မှတ်ချက်အရဆိုရင်တော့ လွှတ်တော်တွေကို အစ ဇန်နဝါရီနဲ့ဖေဖော်ဝါရီအတွင်းမှာ ခေါ်ယူရမှာဖြစ်ပါတယ်။

နိုင်ငံရေးပါတီတွေ ကိုယ်စားလှယ်တွေအနေနဲ့ သူတို့စည်းရုံး ရေးကာလအတွင်း မဲဆန္ဒရှင်လူထုကို ကတိပြုခဲ့တဲ့အတိုင်း လွှတ်တော်အတွင်း ပြုပြင်ပြောင်းလဲရေးကိစ္စတွေဆောင်ရွက်နိုင်ဖို့ ပြင်ဆင်နေပြီလို့ပြောရမှာပါ။ မေးမြန်းကြည့်သမျှ အများစုကတော့ ၂၀၁၀ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး နိုင်ငံရေးပြုပြင် ပြောင်းလဲမှုတွေထက် စီးပွားရေး လူမှုရေးကိစ္စတွေကို အလေးပေး စဉ်းစားကြတာများပါတယ်။

တကယ်တော့လည်း လွှတ်တော်သုံးရပ်လုံးမှာ အပြတ်အသတ် အများစုရှိနေတာက စစ်အစိုးရကဖွဲ့စည်းထားတဲ့ ကြံ့ခိုင်ရေးပါတီဖြစ်ပါတယ်။ တချိန်တည်းမှာပဲ ကာကွယ်ရေးဦးစီးချုပ်က ခန့်ထား မယ့် တပ်မတော်ကိုယ်စားလှယ်တွေလည်း ရှိတယ်ဆိုတော့ လွှတ် တော်ထဲမှာ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွေလုပ်နိုင်ဖို့ အခုသက်တမ်း အတွင်းမှာ ခက်ခဲမယ်လို့ သူတို့ကယူဆကြပါတယ်။

NDF အမျိုးသားဒီမိုကရေစီအင်အားစုကတော့ လတ်တလော ဥပဒေမူကြမ်း ၁၀ ခုကို စဉ်းစားထားတယ်လို့ ပြောခွင့်ရသူလည်းဖြစ်အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လည်းဖြစ်တဲ့ ဒေါက်တာမြတ်ဉာဏ်စိုးကပြောပါတယ်။

"စီးပွားရေးနဲ့ဆိုင်တဲ့အကြောင်းအရာ ပါပါတယ်။ နောက် General ပဲ ကျနော်ပြောလို့ရပါမယ်။ ကျန်းမာရေး၊ ပညာရေး၊ နောက်ဆုံး Environment အထိ ပါပါတယ်။ လွှတ်ငြိမ်းချမ်းသာခွင့်ရရေး၊ ပြီးတော့ ပြည်ပကိုအကြောင်းအမျိုးမျိုးနဲ့ရောက်နေတဲ့ Citizen တွေ မြန်မာနိုင်ငံကိုပြန်လာဖို့ စီစဉ်ပေးဖို့ ဒါလေးတွေလည်း ပါပါတယ်။"

**VOA ။** ။ စီးပွားရေးနဲ့ပတ်သက်လို့ပြောတဲ့နေရာမှာ အနောက်နိုင်ငံတွေကလုပ်တဲ့ Sanction ကိစ္စနဲ့ပတ်သက်လို့ရော ပါလားခင်ဗျ။

"ဟုတ်ကဲ့၊ အဲဒါလည်း ပါပါတယ်ခင်ဗျ။ ကျနော်တို့က Sanction ကို ပြန်ပြီးတော့စဉ်းစားပေးဖို့၊ ဒီ Sanction ဟာ ဘယ်သူတွေအပေါ်မှာ အဓိက သက်ရောက်မှုရှိသလဲ၊ ပြည်သူတွေအပေါ်မှာ ထိခိုက်နေတဲ့ အခါကျတော့ ဒီဟာလေးတွေကို ပြန်ပြီးသုံးသပ်ပေးဖို့၊ ဒီ Sanction တွေ ပြန်ရုပ်ပေးဖို့ ဒါလည်း ပါပါတယ်ခင်ဗျ။"

ပြီးခဲ့တဲ့ရွေးကောက်ပွဲအတွင်းမှာ ဒုတိယအများဆုံး အနိုင်ရပါတီကတော့ SNDP ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ ဖြစ်ပါတယ်။ SNDP ပါတီဟာ မကြာခင်ကပဲ ပါတီညီလာခံ ခေါ်ယူခဲ့ပြီး ဥပဒေမူကြမ်းတင်သွင်းနိုင်ရေးအတွက် ကိုယ်စားလှယ်တွေဟာ ဥပဒေကြောင်းဆိုင်ရာတွေကို လေ့လာနေကြတုန်းပါ။ ဒါပေမဲ့ သူတို့စဉ်းစားချက်မှာတော့ စီးပွားရေးကိစ္စရပ်တွေကို အလေးပေးမယ်လို့ SNDP ရဲ့ ဥက္ကဋ္ဌ စိုင်းအိုက်ပေါင်းကပြောပါတယ်။

"ကျနော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေ ဥပဒေနဲ့ပတ်သက်ပြီး သင်တန်းတက်ဖို့ရှိနေတယ်ဗျ။ အခြေခံဥပဒေဆိုင်ရာ သင်တန်းပေါ့ဗျာ။ ဥပဒေကျွမ်းကျင်တဲ့ပညာရှင်တွေက လာပေးမှာပေါ့။ ဥပဒေသင်တန်းတက်ပြီးရင်တော့ ကျနော်တို့ ပိုပြီးတော့ အမြင်ကျယ်လာမှာပေါ့။ အမြင်ကျယ်လာပြီး ဘယ်ဥပဒေတွေက ပြင်ဆင်သင့်သလဲ၊ ဘယ်ဥပဒေတွေက ဖြည့်စွက်သင့်သလဲ၊ ဘယ်ဥပဒေတွေက ပယ်ဖျက်ဖို့သင့်သလဲဆိုတာ သိလာပြီဆိုရင် အဆိုတင်သွင်းလို့ ရတာပေါ့။"

**VOA ။** ။ အန်ကယ်တို့ ဘယ်လိုကိစ္စမျိုးတွေကိုစဉ်းစားလဲ၊ ဥပမာ နိုင်ငံရေး ကိစ္စပဲလား၊ ပညာရေး၊ စီးပွားရေး၊ တခြားဟာ ဘယ်ဟာ ဦးစားပေးပြီး စဉ်းစားလဲဗျ။ အကယ်၍ လွှတ်တော်ထဲရောက်ရင် ဥပဒေပြင်ဆင်ချက်တွေ၊ ဥပဒေပြုရေးကိစ္စတွေ လုပ်လာရင်။

"အဓိကတော့ စီးပွားရေးပေါ့၊ စီးပွားရေးပြေလည်တယ်ဆိုရင် ကျနော်တို့ ပြည်ထောင်စုမြန်မာနိုင်ငံသားအားလုံးက စီးပွားရေးဝင် ငွေက တဆကနေ နှစ်ဆ တက်လာရင် အားလုံးက ပညာရေးရော၊ လူမှုရေးရော အကုန်လုံး တိုးတက်သွားမှာပဲလေ။

ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီကတော့ မြေယာ ဥပဒေပြင်ဆင်ရေး ဥပဒေကြမ်းတင်သွင်းဖို့ လေ့လာပြင်ဆင်နေတယ်လို့ ဥက္ကဋ္ဌဖြစ်သူဦးအေးမောင်က ပြောပါတယ်။

"လောလောဆယ်တော့ ကျနော်တို့ မြေယာနဲ့ပတ်သက်တဲ့ကိစ္စကို လေ့လာနေကြပါတယ်။ မြေယာပိုင်ဆိုင်မှုနဲ့ပတ်သက်လို့လေ။ အင်္ဂလိပ်ခေတ်ကတည်းကရှိခဲ့တဲ့ ဥပဒေတွေရှိမယ်၊ နောက်ပြည်ထောင်စုအစိုးရလက်ထက်က ဥပဒေတွေလေ။ နောက် လယ်ယာ မြေနိုင်ငံပိုင်ဆိုတဲ့ ဥစ္စာတွေလေ။ အဲဒါကို လယ်ယာမြေနဲ့ပတ်သက်လို့ လယ်သမားတွေအကုန်လုံးဟာ ရောင်းချ၊ ပေါင်နှံနိုင်တဲ့အထိ မြေယာ ပိုင်ဆိုင်မှုနဲ့ပတ်သက်တဲ့ဥပဒေတွေကိုတော့ ကျနော်တို့ လေ့လာနေကြပါတယ်။ အဲဒါကိုတော့ လွှတ်တော်ထဲမှာ အဓိက ဦးစားပေး ပထမအဆင့်အနေနဲ့ ဆွေးနွေးဖို့ ရှိပါတယ်။"

လွှတ်တော်ထဲမှာ အဓိက အင်အားကြီးပါတီဖြစ်လာမယ့် ကြံ့ခိုင်ရေးပါတီဘက်ကတော့ ကိုယ်စားလှယ်တွေကို အခုလလယ်ပိုင်းက နေပြည်တော်မှာခေါ်ယူတွေ့ဆုံခဲ့ပါတယ်။ ဒါပေမဲ့ ဥပဒေမူကြမ်း တင်သွင်းရေးကိစ္စတွေ ဆွေးနွေးတယ်လို့ မကြားရပါဘူး။

စစ်အစိုးရနဲ့မပတ်သက်တဲ့ သီးခြား အခုလို နိုင်ငံရေးပါတီတွေ အနေနဲ့ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ ဥပဒေမူကြမ်းတွေ တင်သွင်းဖို့ အတွက်ပြင်ဆင်နေကြပေမဲ့ တပါတီချင်းဟာ လွှတ်တော်အတွင်း ခိုင်ခိုင်မာမာ အရေအတွက်မရှိတာကြောင့် သူတို့တင်သွင်းမယ့် ဥပဒေမူကြမ်းအတွက် အနည်းဆုံးတော့ မဟာမိတ်ပါတီတွေ ကိုယ်စားလှယ်တွေရှိဖို့လိုပါတယ်။ အတည်ပြုနိုင်ဖို့ဆိုရင်တော့ အင်အားကြီးကြံ့ခိုင်ရေးပါတီ ဒါမှမဟုတ် တပ်မတော်ကိုယ်စားလှယ်တွေရဲ့ မဲကိုလည်း ထည့်တွက်ရမယ့် အနေအထားမှာရှိတယ်လို့ ကိုယ်စားလှယ်တွေက ယူဆထားကြပါတယ်။

## ဒေါ်အောင်ဆန်းစုကြည်ကို ကနေဒါ လည်ပတ်ဖို့ဖိတ်ခေါ်

**RFA ၊ ဒီဇင်ဘာ ၂၈ ။** ။ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ကနေဒါနိုင်ငံကိုလာရောက်လည်ပတ်ဖို့ ကနေဒါဝန်ကြီးချုပ် Mr. Stephen Harper က ဖိတ်ကြားလိုက်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ လောလောဆယ်မြန်မာနိုင်ငံတွင်းမှာ လုပ်ငန်းတာဝန်တွေကို အာရုံစိုက်လုပ်ဆောင်နေရတဲ့အတွက် သင့်လျော်တဲ့အချိန်တချိန်မှာ ကနေဒါနိုင်ငံကို လာရောက်မယ်လို့မျှော်လင့်ကြောင်း ကနေဒါဝန်ကြီးချုပ်ကပြောပါတယ်။

ဆုကို ကိုယ်တိုင်လက်ခံယူဖို့အတွက် ဒေါ်အောင်ဆန်းစုကြည်ကိုတရားဝင်ဖိတ်ကြားစာပေးပို့ရာမှာကနေဒါနိုင်ငံဟာဒေါ်အောင်ဆန်းစုကြည်အပါအဝင် မြန်မာ့ဒီမိုကရေစီရေးအတွက် နှစ်ပေါင်းများစွာကြိုးပမ်းနေကြသူတွေနဲ့အတူတကွ ရပ်တည်နေတယ်ဆိုတာကိုဂုဏ်ယူပြောကြားပါကြောင်း ရေးသားထားပါတယ်။

ဒါ့ပြင် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် ဒီမိုကရက်တစ်အင်အားစုတွေ တိုင်းရင်းသားခေါင်းဆောင်တွေနဲ့ တွေ့ဆုံဆွေးနွေးဖို့လည်း မြန်မာစစ်အစိုးရကို တောင်းဆိုလိုက်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ကို ဂုဏ်ထူးဆောင် ကနေဒါနိုင်ငံသားအဖြစ် ၂၀၀၇ ခုနှစ်မှာ ကနေဒါလွှတ်တော်က ချီးမြှင့်ခဲ့တာဖြစ်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်အပါအဝင် ဒီဂုဏ်ထူးဆောင်ဆု ချီးမြှင့်ခံရတဲ့ နိုင်ငံတကာက ထင်ရှားတဲ့ပုဂ္ဂိုလ်လေးဦးသာရှိပြီး ကျန်တဲ့ လေးဦးကတော့ ဒုတိယကမ္ဘာစစ်အတွင်း ဂျူးလူမျိုး ထောင်ပေါင်းများစွာကိုကယ်တင်ခဲ့တဲ့ ဆွီဒင်နိုင်ငံက Raoul Wallenberg၊ တောင်အာဖရိကသမ္မတဟောင်း နယ်လ်ဆင် မင်ဒဲလား၊ တိဗက်ဘုန်းတော်ကြီး ဒလိုင်းလားမား နဲ့ ကမ္ဘာ့ အစ္စလာမ္မစ်မွတ်ဆလင်ခေါင်းဆောင် Aga Khan တို့ ဖြစ်ပါတယ်။

ဒီဆုကို ကိုယ်တိုင်လာရောက်လက်ခံယူဖို့ ကိုလည်း ကနေဒါ New Democratic Party (NDP) ခေါင်းဆောင် Mr. jack Layton က ဒီဇင်ဘာလအစောပိုင်းက ဖိတ်ကြားခဲ့ပါတယ်။

## အိုင်ယာလန် နိုင်ငံတကာငြိမ်းချမ်းရေးဆုစာရင်းထဲ မြန်မာနိုင်ငံမှ ဒေါ်အောင်ဆန်းစုကြည် ပါဝင်

**RFA ၊ ဒီဇင်ဘာ ၂၇ ။** ။ အိုင်ယာလန်နိုင်ငံက နှစ်စဉ်ချီးမြှင့်တဲ့ ၂၀၁၀ ပြည့်နှစ်အတွက် Tipperary နိုင်ငံတကာ ငြိမ်းချမ်းရေးဆုအတွက် ပဏာမဆန်ကာတင်ဆုရှင်စာရင်းကိုထုတ်ပြန်ရာမှာ မြန်မာနိုင်ငံက ဒေါ်အောင်ဆန်းစုကြည်လည်းပါဝင်တယ်လို့ ဒီကနေ့ ထုတ်ပြန်တဲ့ ဆုချီးမြှင့်ရေးအဖွဲ့ ကြေညာချက်မှာပါဝင်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ကို အခုလို ဆန်ကာတင် ဆုရှင်စာရင်းမှာပါဝင်တာကိုဝမ်းမြောက်ကြိုဆိုကြောင်း၊ ဆုအတွက်ဒေါ်အောင်ဆန်းစုကြည်ဟာ ထိုက်တန်သူတဦးဖြစ်ကြောင်း၊ အိုင်ယာလန်မှာ မြန်မာ့အရေးဆောင်ရွက်နေတဲ့ Burma Action Ireland က ဒုတိယဥက္ကဋ္ဌ Eileen Seymour ကပြောပါတယ်။

၂၀၁၀ ပြည့်နှစ်ဆုအတွက် ပဏာမအမည်စာရင်းကိုအဖွဲ့ရဲ့ ကော်မတီကရွေးချယ်တာဖြစ်ပြီး ဒီဆန်ကာတင်စာရင်းမှာ မြန်မာနိုင်ငံက ဒေါ်အောင်ဆန်းစုကြည်အပြင် ကုလသမဂ္ဂလူ့အခွင့်အရေး ဆိုင်ရာမဟာမင်းကြီးဟောင်း Mary Robinson၊ ထိုင်ဝမ်ဗုဒ္ဓဘာသာသီလရှင်ကြီး Cheng Yen ဂါဇာကမ်းမြောင်ဒေသဆိုင်ရာ ကုလသမဂ္ဂကယ်ဆယ်ရေးနဲ့ အလုပ်အကိုင်ဌာနအကြီးအကဲ John Ging အာဖဂန်နစ္စတန်လူ့အခွင့်အရေးဥက္ကဋ္ဌနဲ့ ဆူဒန်ဆိုင်ရာ လူ့အခွင့်အရေး အထူးကိုယ်စားလှယ် ဒေါက်တာ Sama Samar တို့လည်း ပါဝင်တယ်လို့ သိရပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ကို အခုလို ပဏာမရွေးတဲ့အထဲ ထည့်သွင်းခဲ့တဲ့အတွက် အိုင်ယာလန်မှာရော နိုင်ငံတကာမှာပါမြန်မာနိုင်ငံက ဒီမိုကရေစီနဲ့လူ့အခွင့်အရေးအခြေအနေတွေကို ပိုသိလာအောင် နောက်တဆင့် ပံ့ပိုးနိုင်လိမ့်မယ်လို့လည်း Burma Action Ireland က Ms. Eileen Seymour က ပြောပါတယ်။

Tipperary ငြိမ်းချမ်းရေးဆုကို မနှစ်က ကွယ်လွန်သူ အမေရိကန်အထက်လွှတ်တော်အမတ် Edward Kennedy ရရှိခဲ့ပြီး အရင်က တောင်အာဖရိကသမ္မတဟောင်း နယ်လ်ဆင် မင်ဒဲလား၊ အမေရိကန်သမ္မတဟောင်း ဘီလ်ကလင်တန်တို့ ချီးမြှင့်ခံခဲ့ရပါတယ်။

---

### ပြက္ခဒိန်မှ

**ဒီဇင်ဘာ ၂၉ ၊ Irrawaddy ။ ။** နအဖသည် စစ်တိုင်း RMC သစ်တခုတိုးရန်စီစဉ်နေရာ စစ်တိုင်း ၁၅ ခုဖြစ်လာမည်။

**ဒီဇင်ဘာ ၂၉ ၊ Mizzima ။ ။** ဒေါ်အောင်ဆန်းစုကြည်သည်အပါအဝင် အဲန်အဲလ်ဒီသည် ဂီရီမုန်တိုင်းအတွက် အလှူငွေပိုမိုရရေး ကြိုးပမ်းနေ၏။

**ဒီဇင်ဘာ ၂၉ ၊ RFA ။ ။** ကျုံပျော်မှ ခလေးစစ်သည် ချစ်စမ်းမောင်အား နအဖတပ်မှ တပ်ပြေးမှုဖြင့် ဖမ်းပြီးနောက် သေဆုံးခဲ့၍ ကမ္ဘာ့အလုပ်သမားအဖွဲ့ ILO သို့ တမ်းတမ်းထားကြောင်း။

**ဒီဇင်ဘာ ၂၈ ၊ RFA ။ ။** တိုင်းနှင့်ပြည်နယ်မှ အဲန်အဲလ်ဒီအဖွဲ့ ဝင်မဟုတ်သည့် လူငယ်နှစ်ရာခန့်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံ ဆွေးနွေးခဲ့၏။

**ဒီဇင်ဘာ ၃၀ ၊ RFA ။ ။** NDF ခေါင်းဆောင်အချို့ နှင့် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ တွေ့ဆုံခဲ့၏။

**ဒီဇင်ဘာ ၃၀ ၊ WTN-UPI ။ ။** Marker Toner သည် ဒေါ်အောင်ဆန်းစုကြည်နှင့်၄င်း နအဖထိပ်သီးများနှင့်၄င်း ယခုနှစ်အတွင်းတွေ့ ဆုံလိုကြောင်း။

**ဒီဇင်ဘာ ၃၀ ၊ VOA ။ ။** ရွေးကောက်ပွဲအထိမ်းအမှတ်အဖြစ် နိုင်ငံရေးအကျဉ်းသားအားလုံးအားလွှတ်ရန် အမေရိကန်မှ နအဖသို့ တိုက်တွန်း၏။

**ဒီဇင်ဘာ ၃၁ ၊ AAP ။ ။** ပြည်တွင်းပြန်လည်ရင်ကြားစေ့ရေးအတွက် အားသစ်သွင်းကြိုးပမ်းရန် မြန်မာပြည်သူများသို့ ဒေါ်အောင်ဆန်းစုကြည်မှ အဲန်အဲလ်ဒီထုတ်ပြန်သည့် နှစ်သစ်ကူးနှုတ်ဆက်သဝဏ်တွင်ဆို၏။

**ဒီဇင်ဘာ ၃၁ ၊ IPS ။ ။** နအဖ၏ USDP ပါတီတွင် မူးယစ်ဆေးဖြင့် သူဌေးဖြစ်နေသူ ဖြ ဦးပါသဖြင့် မကြာမီ ကမ္ဘာမှပိုမိုသိလာမည်ဖြစ်ကြောင်း Marwaan Macan-Marker မှရေးသား၏။

**ဒီဇင်ဘာ ၃၁ ၊ Irish Times ။ ။** အိုင်ယာလန်သည် မြန်မာ့ဒီမိုကရေစီအဖွဲ့များအား ထောက်ခံကြောင်းနှင့် ထိုနိုင်ငံနိုင်ငံခြားရေးဌာနဝန်ကြီး Michael Martin မှထပ်မံဆို၏။

---

## ချင်းပြည်နယ်ဒေသခံတွေကို ကူညီဖို့ ဒေါ်စု စီစဉ်နေ

**RFA ၊ ဒီဇင်ဘာ ၂၉ ။** ။ ဒေါ်အောင်ဆန်းစုကြည်နဲ့အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ချင်းပြည်နယ်မှာ အစားအစာရှားပါးမှု ကြုံတွေ့နေရတဲ့မြို့နယ်တွေက ဒေသခံတွေကိုအကူအညီပေးဖို့ ဆွေးနွေးခဲ့တဲ့အတွက် ချင်းပြည်နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကနေ အဲဒီဒေသတွေက အခြေအနေမှန်တွေကိုတင်ပြနိုင်ဖို့ စတင်စုံစမ်းနေပြီလို့ သိရပါတယ်။

ချင်းပြည်နယ်ဘယ်ဒေသတွေမှာ ကြွက်တွေသောင်းကျန်းလို့ သီးနှံခင်းတွေပျက်ဆီးပြီး အစားရေစာရှားပါးမှုကြုံတွေ့ခဲ့ရသလဲ ဆိုတာကို ပြည်နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဌ ပူးဇာလီယန်က အာအက်ဖ်အေကို ပြောပါတယ်။

"ဘယ်မြို့နယ်မှာကြွက်ကျလို့ သီးနှံပျက်ဆီးတယ်ဆိုတာကို မေးမြန်းစုံစမ်းနေတုံး၊ မြို့နယ် NLD တွေကို လိုက်လံမေးမြန်းနေတယ်။ ဥပမာ- ဖလမ်းတို့၊ တီးတိန်တို့၊ တွန်းဇံတို့ကျတော့ ကြွက်မကျဘူးတဲ့၊ ပုံမှန်အတိုင်းပါဘဲတဲ့၊

သီးနှံတွေအောင်မြင်ပြီး ပြဿနာဆိုးဆိုးဝါးဝါးမရှိဘူးတဲ့။ အရင်နှစ်တုန်းကတော့ပြဿနာပေါ်ပေမဲ့ ဒီနှစ်မပေါ်ဘူးလို့ ပြောကြတယ်။ အခု ကျနော်လိုက်ပြီးတော့ မေးမြန်းနေတယ်။ ကန်ပက်လက်ကတော့ သီးနှံမအောင်မြင်ဘူးတဲ့။

အစားရေစာပြတ်လပ်တဲ့သူတွေရှိနိုင်တယ်ဆိုပြီးမှ ကန်ပက်လက်ကတော့အစီရင်ခံတယ်။ မင်းတပ်နဲ့ပလက်ဝ ကျနော် ဆက်သွယ်တုံးဘဲ။ အဆက်အသွယ် မရသေးဘူး။"

ဒီလ ၂၂ ရက်နေ့က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ဌာနချုပ်မှာ ချင်းပြည်နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြည်နယ် စည်းရုံးရေးမှူးတဦးလည်းဖြစ်၊ ပြည်နယ်နဲ့ဗဟိုအကြား ဆက်သွယ်ရေးတာဝန်ယူထားတဲ့ ပူးဇော်ဘွဲ့ အပါအဝင် ရန်ကုန်မြို့မှာနေထိုင်တဲ့ ချင်းတိုင်းရင်းသားတချို့နဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ အဲဒီကိစ္စကို ဆွေးနွေးခဲ့တာလို့ သိရပါတယ်။

ဆွေးနွေးချက်အရ ချင်းပြည်နယ်မှာ အစားရေစာရှားပါးမှုကို အသေအချာလေ့လာပြီး အခြေအနေကို ပြန်လည်တင်ပြကာ နောက်ထပ်ဆွေးနွေးရဦးမယ်လို့ သိရပါတယ်။

---

**စာမျက်နှာ ၁၀ မှ**

ပူတာအိုထောင်ကနိုင်ငံရေးအကျဉ်းသား ဦးရဲမြင့်အတွက် ပူတာအိုထောင်မှာအကျဉ်းကျနေတဲ့ NLD အဖွဲ့ဝင် ဒေါ်ဝင်းမြမြ မိသားစုထံကတဆင့် ပေးပို့ဖို့စီစဉ်ခဲ့ကြောင်းနဲ့ မန္တလေးထောင်က ကိုမင်းသူနဲ့ဦးသန်းအောင်တို့အတွက် ထောင်အာဏာပိုင်တွေက လက်မခံတဲ့အတွက် မိသားစုကနေတဆင့် ထောက်ပံ့ပေးခဲ့တယ်လို့ ဦးကိုလေးကပြောပါတယ်။

နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးမန္တလေးNLD အဖွဲ့က ဒီအစီအစဉ်ကို လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ၆၅ နှစ်ပြည့် မွေးနေ့ဖြစ်တဲ့ ၂၀၁၀ ခုနှစ် ဇွန်လ ၁၉ ရက်နေ့က စတင်အကောင်အထည်ဖော်ခဲ့တာဖြစ်ပြီး အဲဒီနေ့မှာပဲ အကျဉ်းသား မိသားစုဝင်ကျောင်းသား ၂၂ ဦးကို ပညာရေးအထောက်အပံ့အဖြစ် တဦးကို ကျပ် ၁ သောင်းနှုန်း ကူညီထောက်ပံ့ပေးခဲ့ကြောင်းလည်း သိရှိရပါတယ်။

## ရွှေလီမြန်မာကလျှပ်စစ်ဓာတ်အား တရုတ်တင်သွင်း

**RFA ၊ ဒီဇင်ဘာ ၂၉ ။** ။ တရုတ်အစိုးရပိုင် တောင်ပိုင်းပြည်နယ်များ စွမ်းအင်ကုမ္ပဏီရဲ့ ယူနန်ပြည်နယ်လုပ်ငန်းခွဲဟာ ၂၀၁၀ ပြည့်နှစ် ပထမ ၁၁ လ အတွင်း မြန်မာနိုင်ငံက ရွှေလီ မြန်မာရေအားလျှပ်စစ်ဓာတ်အားစက်ရုံ အမှတ် ၁ ကနေ နာရီဝပ် သန်းပေါင်း ၃ ထရီလီယံ တင်သွင်းခဲ့တယ်လို့ ကုမ္ပဏီရဲ့ကြေငြာချက်မှာ ဖော်ပြထားပါတယ်။

အခုလို မြန်မာဖက်က လျှပ်စစ်ဓာတ်အားအမြောက်အများတင်သွင်းခဲ့တဲ့အတွက် တရုတ်နိုင်ငံဖက်မှာ ကျောက်မီးသွေးတန်ချိန် ၂ သန်း အကုန်ကျသက်သာခဲ့ပြီး သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မယ့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှင့်မှု တန်ချိန် ၂ သန်း ၅ သိန်းကျော်လျှော့ချနိုင်ခဲ့တယ်လို့လည်း ကြေငြာချက်မှာဖော်ပြ ထားပါတယ်။

ယူနန်ပြည်နယ်စွမ်းအင်ကုမ္ပဏီခွဲဟာ တရုတ်ပြည်ရဲ့ စွမ်းအင်လိုအပ်ချက် ဖြည့်ဆည်းရေးအတွက် မြန်မာအပါအဝင် မဲခေါင်မြစ်ဝှမ်းနိုင်ငံတွေက စွမ်းအင်တွေရရှိဖို့ မဟာဗျူဟာမြောက် လုပ်ဆောင်နေတဲ့ ကုမ္ပဏီဖြစ်ပါတယ်။

ရွှေလီမြန်မာရေအားလျှပ်စစ်စက်ရုံဟာ မြန်မာနိုင်ငံမှာ တရုတ်အစိုးရကိုယ်တိုင် အကုန်ကျခံတည်ဆောက်လည်ပတ်ပြီး ကိုယ်တိုင်တရုတ်ပြည်ကို ပြန်လည်တင်ပို့တဲ့ တရုတ်ရင်းနှီးမြုပ်နှံမှုတွေထဲမှာ အကြီးဆုံးလုပ်ငန်းဖြစ်တယ်လို့ သိရပါတယ်။

နှစ်စဉ် လျှပ်စစ်စွမ်းအင်နာရီ သန်း ၄ ထောင်အထိ ထုတ်လုပ်နိုင်ပြီး ၂၀၀၈ ခုနှစ် ဒီဇင်ဘာလကစပြီး စက်ရုံက ဓာတ်အားခွဲရုံ ၃ ရုံကနေ လစဉ် လျှပ်စစ်စွမ်းအင် နာရီဝပ် သန်းပေါင်း ၁၄၀ ထုတ်လုပ်နိုင်တယ်လို့ သိရပါတယ်။

---

## နိုင်ငံရေးအကျဉ်းသားတွေအတွက် ရံပုံငွေရှာပွဲကျင်းပ

**RFA ၊ ဒီဇင်ဘာ ၂၉ ။** ။ ဇန္နဝါရီလ ၄ ရက်နေ့မှာကျင်းပမဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ လွတ်လပ်ရေးနေ့အခမ်းအနားမှာ နိုင်ငံရေးအကျဉ်းသားတွေအတွက် ရံပုံငွေရှာဖွေပွဲကျင်းပပြုလုပ်ဖို့ စီစဉ်ဆောင်ရွက်နေကြောင်း သတင်းရရှိပါတယ်။

လွတ်လပ်ရေးနေ့အခမ်းအနားကို ယခင်နှစ်တွေနဲ့မတူဘဲ ထူးခြားစွာကျင်းပရာမှာ ဈေးရောင်းပွဲတော်ပါဝင်မှာဖြစ်ကြောင်း၊ ဇန္နဝါရီလ ၂ ရက် နဲ့ ၃ ရက်နေ့ အဖွဲ့ချုပ်ရုံးရှေ့မှာ NLD အဖွဲ့ဝင်တွေက ဈေးရောင်းပွဲကျင်းပပြီး နိုင်ငံရေးအကျဉ်းသားတွေကိုကူညီထောက်ပံ့ဖို့ ဆောင်ရွက်မဲ့အကြောင်း၊ နိုင်ငံရေးအကျဉ်းသားများရဲ့မိသားစုဝင်တွေကို ပေးအပ်မှာဖြစ်ကြောင်း NLD ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးအုန်းကြိုင်ကပြောပါတယ်။

NLD အဖွဲ့ဝင်တွေရဲ့ ရံပုံငွေဈေးရောင်းပွဲမှာ NLD တံဆိပ်ပါအဝတ်အထည်တွေနဲ့ အမှတ်တရလက်ဆောင်ပစ္စည်းတွေ၊ အစားအစာနဲ့ အခြား လူသုံးကုန်တွေကိုရောင်းချပြီး ရရှိတဲ့ရံပုံငွေကို လူမှုအထောက်အကူပြုအဖွဲ့ကို ပေးအပ်မယ်လို့ ဆိုပါတယ်။

အဲဒီဈေးရောင်းပွဲကို မနက် ၈ နာရီမှာ စတင်မယ်လို့သိရပါတယ်။

# ၂၁ ရာစု ဒုတိယ ပင်လုံညီလာခံ ခေါ်ယူကျင်းပရေး 'ဝ' စောင့်ကြည့်မည်

**Mizzima ၊ ဒီဇင်ဘာ ၂၉ ။** ။ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်မည့် ဒုတိယပင်လုံညီလာခံ ခေါ်ယူကျင်းပရေးကို စောင့်ကြည့်သွားရန် 'ဝ' ပြည် သွေးစည်းညီညွတ်ရေး ပါတီ UWSP က ပြောဆိုလိုက်သည်။

ရှမ်းပြည်နယ်အရှေ့မြောက် မိုင်းမောခရိုင်တွင် ယခုလ ၂၀ ရက်နေ့မှ ယနေ့ထိ ၁၀ ရက်ကြာကျင်းပခဲ့သည့် ၅ ကြိမ်မြောက် UWSP ခရိုင်ပါတီညီလာခံက ဒုတိယပင်လုံညီလာခံခေါ်ယူရေးနှင့်ပတ်သက်၍ စောင့်ကြည့်သွားမည်ဟု ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

"ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်ပြီးလုပ်မယ့် ဒုတိယပင်လုံ ညီလာခံနဲ့ပတ်သက်ပြီးတော့ ကျနော်တို့အနေနဲ့ သူတို့ ဘယ်လိုလုပ်ဆောင်မယ်ဆိုတာကို သေသေချာချာ ရှင်းရှင်းလင်းလင်း နားလည်ခြင်း မရှိတဲ့အတွက် ဒါကို လက်ခံဖို့ စောင့်ကြည့်နေတုန်းပါပဲ" ဟု UWSP မှ အမည်မဖော်လိုသူ ဗိုလ်မှူးကြီးတဦးက မဇ္ဈိမကို ပြောသည်။

အဖွဲ့ဝင် ၃၀၀၀ ကျော်တက်ရောက်ခဲ့သည့် UWSP ညီလာခံက "ဝ" တပ်မတော်သည် လက်နက်မချ၊ ပြည်ထောင်စုမှခွဲထွက်မည့် အဆိုမပြု၊ သီးခြားလွတ်လပ်ရေးတောင်းဆိုမည် မဟုတ်၊ ကိုယ်ပိုင် ပြဌာန်းခွင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ရေးကို ဆက်လက်တောင်းဆိုမည်၊ အစိုးရသစ်နှင့်တွေ့ဆုံဆွေးနွေးရေးမူဝါဒကို ဆက်လက်ကျင့်သုံးမည်၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်ငြိမ်းချမ်းရေးကို အဓိကထား ဆောင်ရွက်သွားမည်ဟု ဆုံးဖြတ်ချက် ၆ ရပ် ချမှတ်ခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်မည့် ၂၁ ရာစု ဒုတိယပင်လုံညီလာခံကျင်းပရေးဦးတည်ချက်ကို ထောက်ခံသည့် တိုင်းရင်းသား အဖွဲ့များရှိသော်လည်း အချို့ကမူ စစ်အစိုးရအုပ်ချုပ်နေစဉ် မည်ကဲ့သို့ ခေါ်ယူကျင်းပနိုင်မလဲဟူ၍ သံသယများ ရှိနေသည်။

NLD အလုပ်အမှုဆောင်ဝင်ဦးဝင်းတင်က "၂၁ ရာစုလို့ သုံးတဲ့စကားဟာ ၂၁ ရာစုရဲ့ နည်းပညာတွေကို အသုံးချချင်တဲ့ သဘောကိုဆောင်တယ်။ ညီလာခံကျင်းပမယ်ဆိုရင် ရန်ကုန်မြို့မှာ၊ မန္တလေးမှာ၊ တောင်ကြီးမှာ လုပ်မယ်ဆိုတာမဖြစ်နိုင်ဘူး။ စစ်အစိုးရနဲ့ တင်းမာမှုက ရှိဦးမယ်၊ မလိုလားမှုမျိုးရှိဦးမယ်ဆိုတော့ ကျင်းပဖို့ မလွယ်ဘူး။ မလွယ်ဆိုတာနဲ့ဘဲ ပင်လုံစိတ်ဓာတ်တို့၊ ပြည်ထောင်စု စိတ်ဓာတ်တို့လိုမျိုး အရေးကြီးတဲ့ကိစ္စတွေကို ပစ်မထားနိုင်ဘူး။ ဆွေးနွေးဖို့လိုမယ်၊ ညှိနှိုင်းဖို့လိုမယ်။ ၂၁ ရာစုရဲ့ စွမ်းရည်တွေ၊ နည်းပညာတွေ ယူသုံးရမယ်လို့ ဒေါ်အောင်ဆန်းစုကြည်က ယူဆတယ်လို့ထင်တယ်" ဟုပြောသည်။

ပြီးခဲ့သည့်လ ၁၇ ရက်နေ့တွင် မဇ္ဈိမက ဆက်သွယ်မေးမြန်းစဉ် ဒေါ်အောင်ဆန်းစုကြည်က "အန်တီက ပြောတာ၊ ၂၁ ရာစုနဲ့ ကိုက်ညီတဲ့ ပုံစံမျိုးနဲ့ လုပ်ရမယ်ဆိုတာ၊ ဒုတိယ ပင်လုံညီလာခံဆိုတာကလည်း အန်တီအထဲမှာရှိနေတုန်းထွက်လာတာလေ၊ရေဒီယိုကနေကြားရတာ၊ အဲဒီတည်းက အန်တီစဉ်းစားနေတယ်။ ၂၁ ရာစုပုံစံနဲ့လုပ်ရင် ပိုပြီးတော့ အဆင်ပြေမယ်ပေ့ါနော်။ နည်းလမ်းတွေ ဘာတွေကတော့ အန်တီတို့ လူငယ်တွေက ရှာရမှာပေ့ါ" ဟု ပြောဆိုခဲ့သည်။

ခေတ်မီနည်းပညာများနှင့်ညီလာခံကိုခေါ်ယူပါက တရားဝင်မှု အားနည်းဖွယ်ရှိကြောင်း ရှမ်းပြည်ကွန်ဂရက်အဖွဲ့၏ ဥပဒေရေးရာ အကြံပေးအဖွဲ့ဝင် ဦးခွန်ဥက္ကာက သုံးသပ်သည်။

"ဒုတိယပင်လုံခေါ်တဲ့အချိန်မှာ တက်ရောက်လာတဲ့ သူတွေက ခေတ်မီနည်းပညာတွေကိုသုံးမယ်ဆိုရင် ညီလာခံရဲ့ သဘောသဘာဝကိုက တရားဝင်မှုအားနည်းမယ်လို့ ထင်တယ်။ ညီလာခံတခုလုံးက တရားဝင်မှုအားနည်းမယ်ဆိုရင် ညီလာခံက ထွက်လာမယ့်ရလဒ်တွေက ပိုပြီးတော့ အားပျော့သွားနိုင်တယ်။ အဲဒီလို အားပျော့နေတဲ့ ရလဒ်ကို ဆက်ပြီးတော့ အကောင်အထည်ဖော်ဖို့က အခက်အခဲဖြစ်လာမယ်လို့ ထင်တယ်" ဟု သူက ပြောသည်။

လက်ရှိ အာဏာယူထားသည့် အဖွဲ့အစည်းအနေဖြင့် ညီလာခံ၏ တစိတ်တဒေသအဖြစ်ပါဝင်မှသာ ညီလာခံ၏ရလဒ်ကို တစိတ်တဒေသ အာမခံချက်ရရှိမှာဖြစ်ပြီး အာဏာပိုင်များဘက်က မပါဝင်လျှင် တခြမ်းပဲ့ ညီလာခံသာ ဖြစ်လာမည်ဟု သူက ဆိုသည်။

ဒုတိယ ပင်လုံညီလာခံကျင်းပရေးကို ပြီးခဲ့သည့် အောက်တို ဘာလ ၂၄ ရက်နေ့တွင် ဖိုမီးအမျိုးသားကွန်ဂရက် ZNCက စစ် ကိုင်းတိုင်း၊ ကလေးမြို့၌ "ကလေးမြို့ ဆုံးဖြတ်ချက် ကြေညာစာတမ်း" ဟူ၍ထုတ်ပြန်ကာ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်ထောင်စုတည်ဆောက်ရေးအတွက်ရည်ရွယ်ကာ ကျင်းပရန် စတင် အဆိုပြုခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည် အထိန်းသိမ်းခံမှ ပြန်လွတ်လာပြီးနောက် ဦးဆောင်အကောင်အထည်ဖော်ရန် တာဝန်လွှဲအပ် ပေးခဲ့သည်။

၁၉၄၇ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ရှမ်းပြည် ပင်လုံမြို့၌ ပြည်မနှင့်တောင်တန်းဒေသများ ပူးပေါင်းမည်ဟူသော သဘောတူညီချက်အတွက် ဗိုလ်ချုပ်အောင်ဆန်းနှင့် ကချင်၊ ချင်း၊ ရှမ်း ခေါင်းဆောင်များကစည်းဝေးခဲ့ရာ ပင်လုံညီလာခံ ဖြစ်ပေါ်ခဲ့သည်။ သို့သော် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရအပြီး သဘောတူညီမှုပျက်ပြားကာ ပြည်တွင်းစစ် ဖြစ်လာခဲ့သည်။

၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် အပစ်အခတ်ရပ်စဲ၍ ငြိမ်းချမ်းရေးရပြီဟု စစ်အစိုးရ ပြောလေ့ရှိသော်လည်း နိုင်ငံရေးသဘောတူညီချက် မပါရှိကြောင်း ၎င်း အဖွဲ့များက ပြောဆိုခဲ့ကြသည်။

ခန့်မှန်းခြေ လူအင်အား ၄ သောင်းခန့်ရှိ အပစ်ရပ်တိုင်းရင်းသား လက်နက်ကိုင်များကို ကာကွယ်ရေးဦးစီးချုပ်အောက် သွတ်သွင်းမည့် နယ်ခြားစောင့်တပ်အဖြစ်ပြောင်းလဲရန် စစ်အစိုးရကကြိုးပမ်းနေပြီး အပစ်မရပ်ဘဲ ဆက်လက်၍တိုက်ခိုက်နေသော တိုင်းရင်းသားအဖွဲ့များလည်းရှိနေသည်။ UWSP သည် ကိုယ်ပိုင်ပြဌာန်းခွင့်ရ ဝ' ပြည်နယ် ရရှိရေးကိုလိုလားပြီး ပါတီလက်အောက်ခံ UWSA တပ်မတော်တွင် တပ်သားအင်အား နှစ်သောင်းကျော်ရှိသည်ဟု ခန့်မှန်းရသည်။

# နယ်စပ်ရှိ ကရင်ဒုက္ခသည် ရှစ်ထောင်ကျော် အတည်တကျ နေခွင့်မရ

**VOA ၊ ဒီဇင်ဘာ ၃၀ ။** ။ ထိုင်းနိုင်ငံနဲ့နယ်စပ် ကရင်ပြည်နယ် အရှေ့ဘက်ခြမ်းမှာ မြန်မာစစ်အစိုးရတပ်တွေနဲ့ DKBA တပ်တွေ ကြား တိုက်ပွဲတွေကြောင့် ထွက်ပြေးတိမ်းရှောင်လာသူ ဒုက္ခသည်တွေကို ထိုင်းအစိုးရက ဌာနေကို ပြန်လည်ပို့ဆောင်နေပေမဲ့ နယ်စပ်တလျှောက်က အုန်းဖန်၊ ဖွတ်ဖ၊ မဲဆောက် စတဲ့ဒေသတွေမှာ ဒုက္ခသည် ၈,၂၀၀ ကျော် ရှိနေပါသေးတယ်။ သူတို့ဟာ အတည်တကျ နေထိုင်ရတဲ့ ဒုက္ခသည်စခန်းတွေမှာ နေထိုင်ခွင့်မရဘဲ ယာယီစခန်း တွေမှာသာ နေနေရတာဖြစ်ပါတယ်။

ထိုင်း-မြန်မာနယ်စပ်မှာ မြန်မာစစ်တပ်နဲ့ DKBA တပ်တွေရဲ့ တိုက်ပွဲတွေအတွင်း လက်နက်ကြီးစထိမှန်တာ၊ မိုင်းနင်းမိတာ၊ ပေါ်တာဆွဲခံရတာတွေဖြစ်နေတာကြောင့် ဒေသခံတိုင်းရင်းသားတွေဟာ နေရပ်ရင်းကအလုပ်တွေကိုပစ်ထားပြီး ထိုင်းနိုင်ငံဘက်ကိုထွက်ပြေးတိမ်းရှောင်လာခဲ့ကြပါတယ်။

ထွက်ပြေးတိမ်းရှောင်လာသူတွေကို ထိုင်းက စစ်ပွဲတွေရပ်တာနဲ့ နေရပ်ရင်းကိုပြန်ပို့နေတာကြောင့် ဒုက္ခသည်တွေက နေရပ်ရင်းကိုမပြန်ဘဲ သောင်ရင်းမြစ်တလျှောက် ကမ်းနားတွေက ဝါးရုံရိပ်တွေမှာ နေနေကြသလို တချို့ ထိုင်းဘက်ခြမ်းကပြောင်းခင်းတွေ၊ လယ်တဲတွေ၊ နီးစပ်ရာမိသားစုဝင်တွေရဲ့အိမ်အောက်တွေမှာ နေထိုင်နေကြတဲ့ ဒုက္ခသည်အရေအတွက် ၈,၀၀၀ ကျော်ရှိကြောင်း ဒုက္ခသည်တွေကို ကူညီကယ်ဆယ်ရေးလုပ်နေတဲ့ မယ်တော်ဆေးခန်းက တာဝန်ရှိသူလည်းဖြစ်၊ မဲဆောက်ဒေသဆိုင်ရာ တာဝန်ခံလည်းဖြစ်တဲ့ ဆရာနေဦးက အခုလိုရှင်းပြပါတယ်။

"၈,၂၀၀ ကျော်တယ်၊ အဲဒီမှာ ဇရိယာ ၄ ခုရှိတာပေါ့။ ဇရိယာ ၄ ခု ဆိုတာက ထဆောင်ယမ်း ဇရိယာရယ်၊ အုန်းဖန် ဇရိယာရယ်၊ ဖွတ်ဖ ဇရိယာရယ်၊ မဲဆောက် ဇရိယာရယ်ပေါ့။ အဲဒီမှာ ဆိုက်တွေ ဆိုက်တွေနဲ့ ခွဲထားတယ်။ အဲဒီမှာ ဆိုက် ၄ ခုဆိုရင် လူဦးရေအားလုံး ၈,၂၀၀ ကျော်တယ်။"

ထိုင်းစစ်တပ်ဘက်က နေရပ်ရင်းကိုပြန်ဖို့ပြောနေတာကြောင့် နယ်စပ်တလျှောက်မှာ ဖြစ်သလိုနေထိုင်နေကြတဲ့အခြေအနေ ရှိနေတယ်လို့လည်း ပြောပြပါတယ်။

"အခုက ကယ်ဆယ်ရေးစခန်းမှ မရှိဘဲ။ ထိုင်းစစ်တပ်က သူတို့ကိုပေးမနေဘူးလေ။ ပေးမနေတော့ သူတို့ကရွာထဲမှာ ရွာခံလူတွေနဲ့ပေါင်းပြီး ရွာထဲမှာရှိတဲ့ အိမ်တွေမှာနေတယ်။ ပြီးတော့ ချောင်းကမ်းနား ဝါးရုံပင်အောက်၊ သစ်ပင်အောက်တွေမှာနေတယ်။ နောက် တချို့ကတော့ သူများလယ်တဲတို့၊ ပြောင်းဖူးတဲတို့ အဲဒီမှာတောင်းပြီး နေကြတယ်။"

ဒုက္ခသည်တွေကို အခြေခံအစားအစာတွေဖြစ်တဲ့ ဆန်၊ ဆီ၊ ပဲ၊ ငါးသေတ္တာနဲ့ ကလေးနဲ့အမျိုးသမီးတွေအတွက် အဝတ် အစားတွေကို ပေးဝေမှုတွေလုပ်ခဲ့ကြောင်း၊ ကျန်းမာရေးစောင့်ရှောက် မှုတွေအတွက် ယာယီဆေးခန်းလေးတွေဖွင့်ပြီး အကူအညီပေးခဲ့တယ်လို့ ကယ်ဆယ်ရေးလုပ်နေသူတွေက ဆိုပါတယ်။ အခုလက်ရှိကြုံနေရတဲ့ ကျန်းမာရေးပြဿနာတွေနဲ့ပတ်သက်ပြီး ကုသပေးနေရတာ တွေကိုလည်း ပြောပြပါတယ်။

"အခုလောလောဆယ် ကျနော်တို့တွေ့နေရတာတော့ ပြေးရင်းလွှားရင်းနဲ့ အသက်ကြီးပိုင်းတွေကျတော့ လဲကျလို့ ဒဏ်ရာရတာနဲ့ များသောအားဖြင့် ကလေးသူငယ်လေးတွေ အအေးမိ တာပေါ့၊ နာစေးတယ်၊ အအေးမိတယ်၊ အဲဒီဟာတွေပဲ ပိုများတယ်။ ပြီးတော့ ကိုယ်ဝန်ဆောင်မိခင်တွေရော၊ ကလေးငယ်ရက်ပိုင်းသားလေးတွေလည်း ရှိတယ်။ အဲဒီလိုမျိုးကျတော့ ကျနော်တို့ကကလေး နဲ့ပတ်သက်တဲ့ အနွေးထည်လိုမျိုး၊ အင်္ကျီတို့၊ ဦးထုပ်တို့ အဲဒီလိုမျိုးတွေကအစ သူတို့ကိုပြန်ပြီး ပံ့ပိုးပေးတယ်။"

ဒုက္ခသည်တွေအနေနဲ့ စစ်ပွဲတွေ မပြီးဆုံးသေးတဲ့အတွက် လုံခြုံမှုမရှိတဲ့အခြေအနေအောက်မှာ ပြန်ဖို့အတွက် မသင့်သေးကြောင်း တွေကိုလည်း ပြောပြပါတယ်။

"လက်ရှိအခြေအနေက ပြန်ဖို့တော့ မသင့်တော်သေးဘူး။ဘာဖြစ်လို့လဲဆိုတော့ မဲဆောက်ဇရိယာမှာရှိတဲ့ ဖလူးခွင်ဆိုရင် နေ့တိုင်း တိုက်ပွဲရှိတယ်။ ပြောက်ကျားအနေနဲ့ကတော့ တရက်ကို တပွဲလောက်ကတော့ ဖြစ်နေတယ်။ မနေ့ကပဲ ရသေ့တောင်ဆိုတဲ့ရွာမှာ တိုက်ပွဲဖြစ်တဲ့ အခါကျတော့ အဲဒီရသေ့တောင်မှာရှိတဲ့ ရွာသားတွေကထွက်ပြေးလာတယ်။ ကျနော်တို့မြင်ရတဲ့ဒုက္ခသည်ကတော့ ရွာထဲမှာ တိုက်ပွဲဖြစ်တယ်၊ နောက် ရွာထဲမှာ လက်နက်ကြီးတွေကျတယ်ဆိုတော့သူတို့ က မနေရဲဘူး။ နေလို့မရဲတော့ သူတို့က ဒီဘက်ကိုပြေးလာရော။ နည်း နည်းသေနတ်သံမကြားဘူးဆိုရင် ယောက်ျားလေးတွေက ခဏ တဖြုတ်အိမ်ပြန်ကြည့်တယ်။

"နောက်တခုက သူတို့မပြန်ရဲတာက ပြန်သွားပြီးရင် ပေါ်တာ အဖြစ် သူတို့ကိုဖမ်းတာ။ နောက်တခုက အခု နအဖကလည်း အမိန့်ထုတ်ထားတာ ရှိတယ်။ အခု သူတို့ ရှင်းလင်းရေး လုပ်တဲ့အချိန်မှာ တွေ့တာနဲ့ DKBA ဖြစ်ဖြစ်၊ KNU ဖြစ်ဖြစ်၊ ရွာသားပဲဖြစ်ဖြစ်ပစ်ဖို့ပဲ အမိန့်ပေးထားတယ်။ အဲဒီအတွက်ကြောင့်လည်း ရွာသားတွေက ပြန်ဖို့မရဲဘူး။ ပစ်မှာပဲ ရွာထဲမှာလည်း လူတွေတယောက်မှ မရှိတော့ဘူး။"

ပြီးခဲ့တဲ့ရက်ကပဲ ထိုင်းနိုင်ငံဘက်ခြမ်း ကယ်ဆယ်ရေးစခန်းမှာ နေထိုင်နေတဲ့ဒုက္ခသည်တွေကို ထိုင်းနိုင်ငံက လုံခြုံမှုမရှိသေးဘဲ ပြန်လည်ပို့ဆောင်တဲ့အတွက် ထိုင်းနိုင်ငံရဲ့လုပ်ရပ်ဟာ တခြားနိုင်ငံကနေ ဒုက္ခဖြစ်ပြီး ထွက်ပြေးလာသူတွေကို နေရင်းနိုင်ငံမှာ လုံခြုံမှုမရှိမချင်း ပြန်မပို့ဘဲ စေတနာ့ဝန်ထမ်းအဖြစ် လက်ခံထားရမယ်ဆိုတဲ့ ကုလသမဂ္ဂရဲ့ အခြေခံစံတွေနဲ့မကိုက်ညီဘူးလို့ UNHCR က ထိုင်းအာဏာပိုင်တွေကို ပြစ်တင်ရှုတ်ချကြောင်းကိုလည်း ပြောဆိုထားပါတယ်။ ဒါပေမဲ့လည်း မြန်မာဘက်ကတိုက်ပွဲဖြစ်တိုင်း ထိုင်း နိုင်ငံဘက်က လက်ခံပေးတာကိုတော့ ကျေးဇူးတင်ကြောင်း ပြော ထားပါတယ်။

အခုလက်ရှိ နယ်စပ်တလျှောက် ဒုက္ခသည်တွေ နေထိုင်နေတာကိုတော့ ထိုင်းစစ်တပ်ကသိရှိပေမဲ့ ကယ်ဆယ်ရေးစခန်းတွေ အကြာကြီးဖွင့်ပြီး လက်မခံတာကလွဲရင် သိသာထင်ရှားတဲ့ အနှောင့်အယှက်ပေးမှုတွေကိုတော့ မလုပ်သေးပါဘူး။

## နိုင်ငံရေးအကျဉ်းသားလွတ်ရေးဆုတောင်း

**DVB । ဇန်နဝါ ၁ ။** ။ နှစ်ဆန်းတရက်နေ့ရန်ကုန်မြို့မှာ နိုင်ငံရေးအကျဉ်းသား ၂၀၀၀ ကျော်လွတ်မြောက်ရေးဆုတောင်းပွဲတွေ ပြုလုပ်ခဲ့ကြပါတယ်။ ရန်ကုန်မြို့မဂ်လာတောင်ညွန့်မြို့နယ်က ဒီမိုကရေစီနဲ့ငြိမ်းချမ်းရေးအဖွဲ့ဝင်ဒေါ်စန်းစန်းမြင့်နေအိမ်မှာ မနက်ကိုးနာရီက ပြုလုပ်ခဲ့ပါတယ်။

အခမ်းအနားမှာ "ယုံကြည်ချက်ကြောင့် အကျဉ်းကျခံရသော ရဟန်းရှင်လူ ကျောင်းသူကျောင်းသားအပေါင်း ကျန်းမာပါစေ၊ အမြန်ဆုံးလွတ်မြောက်ပါစေ"လို့ဆုတောင်းခဲ့ကြပါတယ်။ အလားတူဘဲ လှိုင်သာယာမြို့နယ်အောင်မြေသာယာဘုရားမှာလည်း နှစ်သစ်ကူးဆုတောင်းပွဲ နိုင်ငံရေးအကျဉ်းသားများလွတ်မြောက်ရေးအတွက် ပြုလုပ်ခဲ့ကြတယ်လို့ ကိုယ်တိုင်ပါဝင်ခဲ့တဲ့ လူငယ်တဦးက ပြောပါတယ်။ ထိုင်းနိုင်ငံ ဘန်ကောက်မြို့က နှစ်သစ်ကူးပွဲအတွင်းမှာလည်း မြန်မာအလုပ်သမားတွေ ပါဝင်ခဲ့ကြပါတယ်။ မဲဆောက်မြို့မှာတော့ ထူးထူးခြားခြား တိုင်းရင်းသားပေါင်းစုံ စုပေါင်းနှစ်သစ်ကူးပွဲတော်ပြုလုပ်ခဲ့တယ်လို့ ကရင်လူငယ်ခေါင်းဆောင်တဦးဖြစ်သူ မန်းရွှေနှင်းပါက အခုလိုပြောပါတယ်။

"ဦးစီးလုပ်တာကတော့ ကျနော်တို့ ဒီမယ်တော်ရွာက ရွာသူကြီးကနေ ဦးစီးပြီးလုပ်ပါတယ်ခင်ဗျ။ လုပ်တဲ့ပွဲသဏ္ဍာန်ကတော့ ကျနော်တို့ မယ်တော်ရွာမှာနေထိုင်တဲ့ တိုင်းရင်းသားလူမျိုးတွေပေ့ါဗျာ။ ကျနော်တို့ မြန်မာပြည်သားမြန်မာတိုင်းရင်းသားတွေကော၊ ထိုင်းဘက်မှာရှိတဲ့ တိုင်းရင်းသားတွေပေ့ါအားလုံးစုံစုံညီညီယာဉ်ကျေးမှုထိန်းသိမ်းတဲ့အနေနဲ့၊ ဖော်ထုတ်တဲ့အနေနဲ့မြှင့်တင်တဲ့ပွဲတော်တခုပေ့ါ။ ယာဉ်ကျေးမှုပွဲတော် တခုပုံစံနဲ့လုပ်တာပါ ခင်ဗျ။"

အလားတူ နှစ်သစ်ကူးပွဲတွေ မြန်မာပြည်ငြိမ်းချမ်းရေး၊ နိုင်ငံရေးအကျဉ်းသားလွတ်မြောက်ရေးဆုတောင်းပွဲတွေကို အထက်မြန်မာပြည်က မြို့တချို့နဲ့ အမေရိကန်အပါအဝင် နိုင်ငံတချို့ရောက်မြန်မာတွေကလည်း ကျင်းပခဲ့ကြတယ်လို့ သိရှိရပါတယ်။

---

## ဒီနှစ်မှာ ပိုမိုပူပြင်းနိုင်ဖွယ်ရှိ

**RFA । ဇန်နဝါ ၂ ။** ။ ၂၀၁၁ ခုနှစ်ဟာ မြန်မာနိုင်ငံအတွက် အပူပြင်းဆုံး နှစ်တနှစ်ဖြစ်လိမ့်မယ်လို့ မြန်မာ့မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်က ခန့်မှန်း ပြောဆိုပါတယ်။

၂၀၀၉ ခုနှစ်နောက်ပိုင်း မြန်မာနိုင်ငံမှာ နှစ်အလိုက် ဆက်တိုက်ဖြစ်ပေါ်နေတဲ့ အပူရှိန် မြင့်တက်လာမှုကို အခြေခံ တွက်ချက်ပြီး အခုလို ခန့်မှန်းတာ ဖြစ်တယ်လို့ ဦးထွန်းလွင်က ပြောပါတယ်။

"၂၀၀၉ ခုနှစ်တုန်းက ရှေ့ပိုင်းနှစ်တွေ အားလုံးထက်အပူဆုံးနှစ်။ ကျနော်တို့ရဲ့ မှတ်တမ်းကာလ သမိုင်းမှာ အပူဆုံးနှစ်။ ၂၀၁၀ ကျတော့ ၂၀၀၉ ရဲ့ စံချိန်ကိုချိုးပြီးတော့ အပူဆုံးနှစ်။ ဒီ trend နဲ့ သွားနေတော့ ၂၀၁၁ ဟာ အပူဆုံးနှစ် ဖြစ်လာဖို့ အလားအလာအလွန်များတယ်"

ဒ့ါပြင် အခုနှစ် မိုးကြိုကာလနဲ့ မိုးလွန်ကာလတွေမှာ ရာသီဥတုဖောက်ပြန်မှုကြောင့် လေဆင်နှာမောင်းတိုက်ခတ်မှု၊ မိုးကြိုးပစ်မှု၊နေရာကွက်ပြီး မိုးသည်းထန်စွာရွာသွန်းမှုတို့ကြောင့် ရေကြီးမှု၊ မြေပြိုမှု၊ လေမုန်တိုင်းဖြစ်ပေါ်မှုစတဲ့ သဘာဝဘေးဒဏ်တွေနဲ့ ကြုံရနိုင်တယ်လို့ ဒေါက် တာထွန်းလွင်က ပြောပါတယ်။

"မှတ်သုန်က ဝင်တာနောက်ကျပေမယ့် ထွက်တာစောတဲ့ အတွက် မိုးရာသီကတိုတောင်းပါမယ်။ မိုးရာသီကာလဆိုတာ အရင်တုန်းက ၁၄၅ ရက် ရှိပေမယ့် အခုဆိုရင် ၁၀၅ ရက်လောက်ပဲရှိတော့တယ်။ ရက်ပေါင်း ၁၀၈ ရက်ပဲရှိတယ်၊ အတိအကျပြောရင် ၃၇ ရက်လောက် လျော့သွားတယ်။ အဲဒီတော့ ဒါဟာ စိုက်ပျိုးရေးအတွက် အလွန်စဉ်းစားရမယ့် အချက်တခု ဖြစ်တယ်"

## အမေရိကန်ပြည် လူချစ်လူခင်အများဆုံးစာရင်း လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ပါဝင်

**RFA । ဒီဇင်ဘာ ၂၈ ။** ။ အမေရိကန်ပြည်ထောင်စုမှာ လူချစ်လူခင်အများဆုံးပုဂ္ဂိုလ်များစာရင်းကို နှစ်စဉ် လူထုသဘောထားကောက်ခံပြီးဖေါ်ပြနေတဲ့ Gallup စာရင်းအရ ၂၀၁၀ ခုနှစ် အမေရိကန်ပြည်သူတွေရဲ့ချစ်ခင်လေးစားမှုအရှိဆုံး နိုင်ငံခြားသူစာရင်းထဲမှာ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ပါဝင်ခဲ့ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်နဲ့အတူ ဗြိတိန်နိုင်ငံက အဲလစ်ဇဘက် ဘုရင်မကြီး၊ ဝန်ကြီးချုပ်ဟောင်း မာဂရက်သက်ချာတို့လည်း ပါဝင်ပါတယ်။

ပြည်တွင်း လူပုဂ္ဂိုလ်စာရင်းမှာတော့ အမေရိကန်သမ္မတ Barack Obama နဲ့ နိုင်ငံခြားရေးဝန်ကြီး Mrs. Hillary Clinton တို့က စာ ရင်းရဲ့ထိပ်ဆုံးမှာရှိကြပါတယ်။

သမ္မတအိုဘားမားဟာ ရွေးကောက်ခံရတဲ့ ၂၀၀၈ ခုနှစ်က Gallup စာရင်းမှာ ၃၃ ရာနှုန်းရှိခဲ့ပြီး နောက်ပိုင်းမှာ လူကြိုက်နည်းသွားခဲ့တယ်ဆိုပေမဲ့ ဒီနှစ်အတွက် ၂၂ ရာခိုင်နှုန်းနဲ့ထိပ်ဆုံးမှာ ရှိနေပါသေးတယ်။

Mrs. Hillary Clinton ကတော့ ၁၉၉၂ ခုနှစ် ကတည်းက ပထမနေရာကိုရခဲ့တာ အခုဆိုရင် ၁၅ ကြိမ်ရှိပြီ ဖြစ်ပါတယ်။

Gallup စာရင်းရဲ့ဒုတိယနေရာကိုတော့ လာမယ့် ၂၀၁၂ ခု နှစ် သမ္မတရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်မယ့် အလာစကာပြည်နယ် အုပ်ချုပ်ရေးမှူးဟောင်း Sarah Palin က ရရှိပြီး တတိယနေရာကို နာမည်ကျော်ရုပ်မြင်သံကြားအစီအစဉ်မှူး Oprah Winfrey က ရရှိခဲ့ပါတယ်။

---

## ရဲမင်းကြီး လာဘ်စားမှုဖြင့် စစ်ဆေးခံရ

**RFA । ဒီဇင်ဘာ ၂၈ ။** ။ မကွေးတိုင်း ရဲမင်းကြီး ဦးဘကြည်ဟာ လာဘ်စားတဲ့အမှုတွေနဲ့စွပ်စွဲခံရပြီး စစ်ဆေးခံနေရတယ်လို့ မကွေးမြို့က ရဲနဲ့နီးစပ်တဲ့အသိုင်းအဝိုင်းက ပြောပါတယ်။

လွန်ခဲ့တဲ့ သီတင်းနှစ်ပတ်လောက်ကတည်းက စသုံးလုံး၊ ရဲအထူးသတင်းတပ်ဖွဲ့အပါအဝင် အဖွဲ့စုံက စစ်ဆေးနေတာလို့ သူတို့ကပြောပါတယ်။ဒီလိုစစ်ဆေးနေပေမယ့် ဖမ်းဆီးချုပ်နှောင်တာမျိုးတော့ မဟုတ်ဘူးလို့ဆိုပါတယ်။ အဓိကအားဖြင့် တိုင်းအတွင်းက မြို့နယ်တွေမှာရဲစခန်း တပိုက်က ဈေးဆိုင်ခန်းတွေကို ဖျက်သိမ်းဖို့ အထက်က ညွှန်ကြားတုန်းကမဖျက်ရ အောင်ဆိုပြီးလာဘ်ငွေယူခဲ့တဲ့ကိစ္စတွေ၊ ဓမ္မာရုံရန်ပုံငွေကိစ္စ၊ မြို့နယ်အသီးသီးထံကနေ အဆင့်ဆင့် လာဘ်ငွေယူတဲ့ကိစ္စတွေနဲ့ စစ်ဆေးခံနေရတာလို့ ဆိုပါတယ်။ ရဲမင်း ကြီးဦးဘကြည်လို လာဘ်စားနေတဲ့အရာရှိတွေ အများအပြားရှိနေပါတယ်။

ဒီစစ်ဆေးမှု လုပ်နေစဉ်အတွင်း ရဲစခန်းပတ်လည်က ဈေးဆိုင်ခန်းတွေကို ဖျက်သိမ်းတော့မယ်ဆိုတဲ့ ကောလာဟလ ပျံ့နှံ့မှုကြောင့် လာဘ်ငွေထိုးခဲ့ရတဲ့ ဆိုင်ခန်းပိုင်ရှင်တွေ စိတ်ပျက်နေကြတယ်လို့ ဆိုပါတယ်။ ဒီသတင်းတွေနဲ့ ပတ်သက်လို့ ရဲက သတင်းထုတ်ပြန်တာမရှိသလို မေးဖို့ ကြိုးပမ်းချက်လည်း မအောင်မြင်သေးပါ။ အခုလို လာဘ်စားမှုတွေဟာ နိုင်ငံတဝှမ်းရှိ အစိုးရရုံးဌာနများမှာ အများဆုံးတွေ့ရှိနေရတာဖြစ်ပါတယ်။

# အမေရိကန်နဲ့ဆက်ဆံရေးကောင်းလိုက လူ့အခွင့်ရေးတိုးတက်အောင်လုပ်ဖို့လို

**VOA | ဒီဇင်ဘာ ၃၀ ။ ။** မြန်မာနိုင်ငံနဲ့ ဆက်ဆံရေးတွေတိုးမြှင့်သွားဖို့ ရည်ရွယ်ထားပေမဲ့ နိုင်ငံရေးနဲ့ လူ့အခွင့်အရေးအခြေအနေတွေ တိုးတက်အောင် စစ်အစိုးရဘက်ကလုပ်ဆောင်ဖို့ လိုအပ်နေဆဲဖြစ်တယ်လို့ အမေရိကန်ပြည်ထောင်စုကပြောဆိုလိုက်ပါတယ်။

မြန်မာနိုင်ငံဟာ ဒီမိုကရေစီထွန်းကားတဲ့တိုင်းပြည်အဖြစ်ပေါ်ထွန်းလာဖို့ နိုင်ငံတကာအသိုင်းအဝန်းနဲ့အတူ အမေရိကန်ပြည်ထောင်စုက မျှော်လင့်ထားတယ်လို့လည်း မြန်မာ့လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် အမေရိကန်နိုင်ငံခြားရေးဌာနက မနေ့တုန်းကပဲ ကြေညာချက်တစောင် ထုတ်ပြန်ပြောဆိုလိုက်တာပါ။

ဒီမိုကရေစီနည်းကျတဲ့ တိုင်းပြည်တခုအဖြစ် ထွက်ပေါ်လာဖို့ မြန်မာစစ်အစိုးရအနေနဲ့ နိုင်ငံရေးတိုးတက်မှုတွေ လုပ်ရလိမ့်မယ်လို့ ဇန်နဝါရီလ ၄ ရက် အင်္ဂါနေ့မှာကျရောက်မယ့် ၆၃ နှစ်မြောက် မြန်မာ့လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် အမေရိကန်နိုင်ငံခြားရေးဌာနရဲ့ကြေညာချက်မှာ ပြောဆိုလိုက်တာပါ။

လွတ်လပ်ရေးနေ့အခါသမယမှာမြန်မာပြည်သူတွေမျှော်လင့်နေတဲ့ ဒီမိုကရေစီတိုင်းပြည်အဖြစ် ပေါ်ထွန်းလာစေဖို့ ဆက်လက်ထောက်ခံအားပေးသွားမှာဖြစ်တဲ့အကြောင်းကြာသပတေးနေ့ကထုတ်ပြန်တဲ့ ကြေညာချက်ကဖော်ပြခဲ့တာလို့ အမေရိကန်နိုင်ငံခြားရေး ဌာန အရှေ့အာရှရေးရာ လူထုဆက်ဆံရေးဌာနရဲ့ ညွှန်ကြားရေးမှူး ဒါရာပ ရာဒီဆို Darragh Paradiso က ပြောပါတယ်။

"လွတ်လပ်ငြိမ်းချမ်းပြီးသာယာဝပြောတဲ့ဒီမိုကရေစီနည်းကျတဲ့ မြန်မာနိုင်ငံဖြစ်လာဖို့အတွက် ကျမတို့အနေနဲ့ တစိုက်မတ်မတ် အားပေးထောက်ခံပါတယ်။"

မြန်မာစစ်အစိုးရရဲ့ နိုင်ငံရေးနဲ့လူ့အခွင့်အရေးမှတ်တမ်းတွေ နိမ့်ကျနေတဲ့အတွက် ပိတ်ဆို့ဒဏ်ခတ်အရေးယူမှုတွေ ချမှတ်ထားတဲ့ အမေရိကန်ပြည်ထောင်စုမှာ သမ္မတ ဘရက်ခ် အိုဘားမား Barack Obama အစိုးရတက်လာခဲ့တဲ့နောက် မြန်မာနိုင်ငံနဲ့ ထိတွေ့ဆက်ဆံရေးမူဝါဒတွေကိုပါ ချမှတ်ကျင့်သုံးလာခဲ့တာပါ။

ဒါပေမဲ့လည်း စစ်အစိုးရဘက်က ဆက်ဆံရေးတွေတိုးတက်လာစေမယ့် ပြုပြင်ပြောင်းလဲမှုတွေကိုတော့ ထိထိရောက်ရောက်ကျင့်သုံးတာမျိုးမရှိသေးဘူးလို့လည်း အမေရိကန်ပြည်ထောင်စုကပြောဆိုထားတာဖြစ်ပါတယ်။ အမေရိကန်က ဆက်ဆံရေးတွေတိုးမြှင့်နိုင်ဖို့ လမ်းဖွင့်ထားဆဲဖြစ်ပေမဲ့ စစ်အစိုးရက သိသာတဲ့ နိုင်ငံရေးခြေလှမ်းတွေကိုလှမ်းမှသာ ဖြစ်နိုင်လိမ့်မယ်လို့လည်း နိုင်ငံခြားရေးဌာနကြေညာချက်က အလေးထားပြောဆိုခဲ့တာပါ။

"အမေရိကန်ပြည်ထောင်စုအနေနဲ့ ၂ နိုင်ငံကြား ဆက်ဆံရေးတွေတိုးတက်စေဖို့ ပြင်ဆင်ထားဆဲဖြစ်ပါတယ်။ ဒါပေမဲ့လည်း မြန်မာနိုင်ငံသားတွေအားလုံးနဲ့ စစ်မှန်တဲ့ အမျိုးသားပြန်လည်သင့်မြတ်မှုတွေ ရရှိစေဖို့၊ နိုင်ငံရေးအကျဉ်းသားတွေအားလုံးကို ပြန်လွှတ်ပေးတာ၊ အားလုံးပါဝင်ပြီး အဓိပ္ပာယ်ပြည့်ဝတဲ့ ဆွေးနွေးပြောဆိုမှုတွေကို လုပ်ဆောင်တာတွေနဲ့ မတူကွဲပြားတဲ့သူတွေရဲ့ဆန္ဒတွေကို မြန်မာအစိုးရက ဖြည့်ဆည်းပေးနိုင်သလားဆိုတာကိုလည်း အမေရိကန်ပြည်ထောင်စုကကြည့်နေပါတယ်။"

မြန်မာနိုင်ငံနဲ့ထိတွေ့ဆက်ဆံရေးမူဝါဒတွေရဲ့ တစိတ်တပိုင်းအဖြစ် အမေရိကန်နိုင်ငံခြားရေးဌာန အရှေ့အာရှနဲ့ ပစိဖိတ်ရေးရာ ဒု-လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ဂျိုးဆက် ယွန်း Joseph Yun ဒီဇင်ဘာလ ၇ ရက်နေ့တုန်းက ၄ ရက်ကြာ မြန်မာနိုင်ငံကိုသွားရောက် ခဲ့တာပါ။ ခရီးစဉ်အတွင်းမှာတော့ စစ်အစိုးရတာဝန်ရှိသူ တွေနဲ့ သာမက နိုဝင်ဘာလ ၁၃ ရက်နေ့မှာ နေအိမ်အကျယ်ချုပ်က ပြန်လည်လွတ်မြောက်လာတဲ့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ပါတွေ့ဆုံပြီး မြန်မာ့အရေးဆွေးနွေးမှုတွေ လုပ် ဆောင်ခဲ့တာဖြစ်ပါတယ်။

ဒီလို ဆက်ဆံမှုတွေဟာ အမေရိကန် ပြည်ထောင်စုရဲ့ အမျိုးသား အကျိုးစီးပွားအတွက်ပါ အထောက်အကူဖြစ်စေတာမို့ ဆက်လက် ကျင့်သုံးသွားမယ့်အကြောင်း အမေရိကန်နိုင်ငံခြားရေးဌာနပြောခွင့်ရသူတဦးဖြစ်တဲ့ မာ့ခ်တုန်နာ Mark Toner ကလည်း ဗုဒ္ဓဟူး နေ့ကပဲ ပြောဆိုခဲ့တာပါ။

ဒေါ်အောင်ဆန်းစုကြည်ကတော့ အမေရိကန်ပြည်ထောင်စုအနေနဲ့ နိုင်ငံရေးအကျဉ်းသားတွေ ပြန်လည်လွတ်မြောက်ရေးလိုကိစ္စမျိုးတွေမှာ တိတိကျကျသတ်မှတ်ချက်တွေနဲ့ အကောင်အထည်ဖော်ဆောင်ရွက်သွားတဲ့မူဝါဒမျိုး ချမှတ်သင့်တဲ့အကြောင်းနဲ့ နိုင်ငံတကာအသိုင်းအဝန်းအနေနဲ့ တစုတစည်းတည်း မြန်မာ့အရေးကို ပူးပေါင်းဆောင်ရွက်နိုင်ရင် ပိုမိုထိရောက်မှုရှိနိုင်မယ့်အကြောင်း ဗွီအိုအေ မြန်မာပိုင်းနဲ့ မေးမြန်းခန်းတခုအတွင်း ပြောဆိုထားတာပါ။

မြန်မာ့လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် နိုင်ငံခြားရေးဌာနရဲ့ကြာသပတေးနေ့ကြေညာချက်မှာတော့ အမေရိကန်ပြည်ထောင်စုဟာ နိုင်ငံတကာမိသားစုနဲ့အတူ မြန်မာနိုင်ငံသားတွေ လွတ်လပ်ရေးရဲ့အရသာကိုခံစားနိုင်ဖို့ မျှော်လင့်ထားဆဲဖြစ်တဲ့အကြောင်း ပြောခဲ့ပါတယ်။

"မြန်မာနိုင်ငံသားတွေအနေနဲ့ နိုင်ငံတကာ လူ့အခွင့်အရေးတွေကို လွတ်လွတ်လပ်လပ်ခံစားကျင့်သုံးနိုင်ဖို့ ကြိုးပမ်းမှုတွေ အောင်မြင်မယ့်တနေ့ကို နိုင်ငံတကာမိသားစုနဲ့အတူ ကျမတို့ကလည်း မျှော်လင့်စောင့်စားနေပါတယ်။"

မြန်မာစစ်အစိုးရကတော့ ဒီမိုကရေစီနည်းကျတဲ့ တိုင်းပြည်တခုအဖြစ် အကောင်အထည်ဖော်နေတဲ့လုပ်ငန်းစဉ်ရဲ့ တစိတ်တပိုင်းအဖြစ်ဆိုပြီး နိုဝင်ဘာလ ၇ ရက်နေ့တုန်းက နှစ်ပေါင်း ၂၀ အတွင်း ပထမဆုံးအကြိမ် ရွေးကောက်ပွဲတွေကျင်းပခဲ့တာပါ။ ဒါပေမဲ့လည်းအမေရိကန်ပြည်ထောင်စုအပါအဝင်နိုင်ငံတကာအသိုင်းအဝန်းကတော့ ဒီမိုကရေစီလိုလားသူတွေ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ခွင့်မရှိသလိုအများက ယုံကြည်လက်ခံဖို့ခက်ခဲတဲ့အခြေအနေအောက်မှာရွေးကောက်ပွဲတွေကိုကျင်းပခဲ့တာလို့ ပြောဆိုထားကြတာ ဖြစ်ပါတယ်။

# တောင်ငူမြို့နယ်လူငယ်တွေ ဒေါ်အောင်ဆန်းစုကြည် သဘောထား ဆွေးနွေး

**RFA । ဒီဇင်ဘာ ၃၀ ။** ။ တောင်ငူခရိုင်အတွင်းက ဖြူးမြို့နယ်၊ တောင်ငူမြို့နယ်၊ ရေတာရှည်မြို့နယ်တွေက အဲန်အယ်လ်ဒီလူငယ်တွေနဲ့ အတူ တခြားလူငယ်တွေဟာ တောင်ငူမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးအောင်စိုးမြင့်နေအိမ်မှာ ဒီကနေ့ နေ့လည်က တွေ့ဆုံ ပြီး ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်တဲ့ အန်အယ်ဒီရဲ့လက်ရှိ သဘောထားတွေကို ဆွေးနွေးခဲ့ကြပါတယ်။

ပဲခူးတိုင်း တိုင်းလူငယ်တာဝန်ခံ ကိုကျော်ဝင်းကနေဦးဆောင်ပြီး မြို့နယ်စည်းအဖွဲ့ဝင်တွေနဲ့အတူ လူငယ်တွေနဲ့ တွေ့ဆုံဆွေးနွေးခဲ့ကြတာနဲ့ပတ်သက်လို့ ဦးအောင်စိုးမြင့်က အာအက်ဖ်အေ ကို အခုလိုပြောပါတယ်။

"တိုင်းလူငယ် အကူအညီပေးရေးက ကိုကျော်ဝင်း၊ သူက ဦးဆောင်ပြီးတော့ ဒီနေ့တွေ့ဆုံတာပါ။ သူက ဒေါ်စုရဲ့သဘောထားတွေ ပြောပြတယ်။ နောက်ဒီနေ့ အဲန်အယ်လ်ဒီသွားမည့်လမ်းပြောပြတယ် ။ နောက်တခါ အဲန်ဂျီအိုတွေနော်။ နောက်တော့ ပြင်ပလူငယ်တွေ တခြားအဖွဲ့အစည်းကလူငယ်တွေနဲ့တွေ့ဆုံပြီးတော့ ဒေါ်စုနဲ့လည်းဆွေးနွေးခွင့်ရဖို့အတွက် စီစဉ်ဖို့ ဒါတွေပြောကြတယ်။ "

"ဒီနေ့တက်ရောက်တဲ့ထဲမှာ အဲန်အယ်လ်ဒီမဟုတ်တဲ့ လူငယ်တွေအပြင်ကို ယူဒီပီ ပေါ့နော် ပါတီက ဗဟို အလုပ်အမှုဆောင်အဖွဲ့ဝင် လူငယ်တစ်ယောက်လည်း သူလည်း ဒီနေ့လာတက်ရောက်တယ်။ စိတ်ဝင်စားတာ ဆွေးနွေးတယ်။"

"နောက်တခါ ဒီ ရှေ့ဆက်ပြီးတော့ လုပ်မည့်လုပ်ငန်းစဉ်တွေမှာ ဒီအဲန်အယ်လ်ဒီနဲ့အတူပေါ့ လက်တွဲပြီးတော့ သူတို့လည်း ပူးပေါင်းကူညီဆောင်ရွက်ဖို့ ဆန္ဒပြုကြတယ်။"

ဒီလို တွေ့ဆုံဆွေးနွေးဖြစ်ခဲ့ကြတာဟာ ဒီဇင်ဘာလ ၂၈ ရက် နေ့က ရန်ကုန်၊ ရွှေဂုံတိုင်လမ်းက အဲန်အယ်လ်ဒီအဖွဲ့ချုပ်ရုံးမှာ ရန်ကုန်တိုင်း အဲန်အယ်လ်ဒီလူငယ်တွေအပါအဝင် စုစုပေါင်း လူငယ် နှစ်ရာကျော်နဲ့ ဒေါ်အောင်ဆန်းစုကြည်တွေ့ဆုံခဲ့ပြီး နောက်ပိုင်း တခြား တိုင်းနဲ့ပြည်နယ်ကလူငယ်တွေနဲ့ ထပ်မံတွေ့ဆုံရမည့်အချိန်ရောက်ခဲ့ရင် ဆွေးနွေးတင်ပြနိုင်ဖို့ ကြိုတင်ပြင်ဆင်ထားတဲ့အနေနဲ့ တွေ့ဆုံခဲ့ကြတာလို့လည်း ဆက်ပြောပါတယ်။

ဒီကနေ့ဆွေးနွေးပွဲကို တက်ရောက်လာကြတဲ့ လူငယ်တွေက ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်တဲ့ အန်အယ်ဒီရဲ့ လက်ရှိ သဘော ထားရပ်တည်ချက်တွေနဲ့ နိုင်ငံရေးရှေ့လုပ်ငန်းစဉ်တွေကို ထောက်ခံကြိုဆိုကြပြီး လူမှုရေးကိစ္စ၊ ပြည်သူလူထုရဲ့ အကျိုးစီးပွား လိုအပ်ချက်တွေ ကလေးစစ်သားစုဆောင်းခံရမှုကိစ္စတွေ၊ အတင်းအဓမ္မ လုပ်အားပေးခိုင်းစေမှုကိစ္စတွေ ပေါ်ပေါက်ခဲ့ရင်လည်း အဲန် အယ်လ်ဒီအဖွဲ့ဝင်တွေနဲ့ဆက်သွယ်ပြီး လူငယ်တွေက ကူညီဆောင်ရွက်သွားကြဖို့ကိုလည်း ဆုံးဖြတ်ခဲ့ကြတယ်လို့ သိရပါတယ်။

---

# ၂၀၁၀ အကောင်းဆုံးစာအုပ်စာရင်း နာဂစ် ပါဝင်

**RFA । ဒီဇင်ဘာ ၃၀ ။** ။ ၂၀၁၀ ပြည့်နှစ်အတွင်းထုတ်ဝေခဲ့တဲ့ စာအုပ်တွေထဲမှာ မြန်မာနိုင်ငံက နာဂစ်မုန်တိုင်းနဲ့ကယ်ဆယ်ရေးလုပ်ငန်းတွေအကြောင်း ကိုယ်တိုင်ကွင်းဆင်းရေးသားထားတဲ့ စာရေးဆရာမ Emma Larkin ရဲ့ "အားလုံး ကျိုးပဲ့ပျက်စီးသွားပြီ" လို့ တိုက်ရိုက်အဓိပ္ပာယ်ရတဲ့ Everything is Broken စာအုပ်ဟာထိပ်တန်းအကောင်းဆုံး ၄ အုပ်ထဲက တအုပ်ဖြစ်ကြောင်း အမေရိကန်ပြည်ထောင်စု ဗားဂျီးနီးယားပြည်နယ် ရစ်ချ်မွန်းမြို့မှာ ဒီကနေ့ထုတ်တဲ့ ရစ်ချ်မွန်း Richmond သတင်းစာမှာဖော်ပြလိုက်ပါတယ်။

ဒီစာအုပ်ဟာ အမေရိကန်စာရေးဆရာမ အင်မာလာကင်က ရေးသားတာဖြစ်ပြီး လူမှုရေး စီးပွားရေး အားလုံး ပြိုကွဲ ပျက်စီးနေတဲ့ မြန်မာနိုင်ငံမှာ နာဂစ်မုန်တိုင်းကြောင့် နောက်ထပ် အကြီးအကျယ် ထိခိုက် ဆုံးရှုံးခဲ့ရတာတွေကို အသေးစိတ်ရေးသားထားပါတယ်။

ဆရာမ အင်မာလာကင်ဟာ အရင်က "ဂျော့ချ်အော်ဝယ်ရဲ့ ခြေရာကို မြန်မာပြည်မှာ ရှာဖွေခြင်း" စာအုပ်နဲ့ ထင်ရှားခဲ့တဲ့ စာရေးဆရာမ ဖြစ်ပါတယ်။

---

# ဒီမိုကရက်တစ်ပါတီ ထပ်မံရက်ချိန်းခံရ

**DVB । ဒီဇင်ဘာ ၃၀ ။** ။ရွေးကောက်ပွဲကာလအတွင်း မဲတပြားကို ငွေကျပ်ထောင့် ငါးရာနဲ့ ဝယ်ယူတယ်လို့ ကြံ့ခိုင်ရေးပါတီက တရားစွဲဆိုထားတဲ့ ဒီမိုကရက်တစ်ပါတီ (မြန်မာ) ရဲ့ ရွေးကောက်ပွဲအနိုင်ရအမတ် ဒေါ်တင်တင်မာရဲ့ အမှုကို ထပ်မံကြားနာဖို့ နေပြည်တော်တရားရုံးက ချိန်းဆိုလိုက်ပါတယ်။

မန္တလေးတိုင်းဒေသကြီးလွှတ်တော်အတွက် ချမ်းအေးသာဇံမြို့နယ် မဲဆန္ဒနယ်မြေရဲ့ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြောက်ခံခဲ့ရတဲ့ ဒေါ်တင်တင်မာကို ပြိုင်ဘက် ပြည်ထောင်စုကြံ့ခိုင်ရေးနဲ့ဖွံ့ဖြိုးရေးပါတီရဲ့ကိုယ်စားလှယ် ဦးမြဝင်က တရားစွဲဆိုခဲ့တဲ့ အမှုကို ဒီကနေ့ နေပြည်တော်တရားရုံးမှာ စတင်ကြားနာတာပါ။ ဒီအမှုကို အပြီးသတ်မစစ်ဆေးသေးဘဲ လာမယ့် ၃၁ ရက်နေ့ကို ထပ်မံ ချိန်းဆိုလိုက်ပါတယ်။ ဒီလိုချိန်းဆိုတာနဲ့ပတ်သက်ပြီးဒီမိုကရက်တစ်ပါတီရဲ့အထွေထွေအတွင်းရေးမှူးဒေါ်သန်းသန်းနုကအခုလိုပြောပြပါတယ်။

"သူတို့က စစ်လို့မပြီးသေးတဲ့အတွက် သဘက်ခါထပ်ချိန်းလိုက်တယ်။ ဒေါ်တင်တင်မာတို့ကလည်း မန္တလေးကနေ ခေါက်တုန့်ခေါက်ပြန်သွားရတာလည်း စရိတ်ကုန်တယ်။ သွားရလာရတာလည်း ခက်တယ်။ ခက်တယ်ဆိုတာ အသက်လည်း ကြီးတော့ သိပ်မလွယ်ဘူး။ အဲဒါကြောင့် သူတို့ကလည်း အမြန်ဆုံးကြားနာစစ်ဆေးပေးပါဆိုပြီးတော့ မေတ္တာရပ်ခံထားတယ်။ ဒါပေမယ့် မပြီးသေးဘူး။"

ဒေါ်တင်တင်မာကို ရှုံးနိမ့်ခဲ့တဲ့ ကြံ့ခိုင်ရေးပါတီရဲ့ ကိုယ်စားလှယ်ဦးမြဝင်းက မဲဝယ်မှုအပါအဝင် ရွေးကောက်ပွဲဆိုင်ရာဥပဒေတွေ၊ကိုယ်စားလှယ်လောင်းစည်းရုံးရေးဆိုင်ရာ ပြဋ္ဌာန်းချက်တွေကို ချိုးဖောက်တယ်လို့စွပ်စွဲတရားဆွဲဆိုခဲ့တာဖြစ်ပါတယ်။ ဒ့ါအပြင် ဦးမြဝင်းက အဲဒီမဲဆန္ဒနယ်မြေအတွင်းကမဲရုံး တွေရဲ့ ကိုယ်စားလှယ်တွေကိုလည်း ကော်မရှင်ကိုတိုင်ကြားပြီး မဲတွေပြန်လည်ရေတွက်ဖို့ တောင်းဆိုထားတဲ့အပေါ်ကိုလည်း ဒေါ်သန်းသန်းနုက အခုလိုပြောပါတယ်။

"ဒီဥစ္စာက မတရားသက်သက်စွဲဆိုထားတာပဲ။ သူတို့စွဲဆိုထားတဲ့ စွဲချက်တွေက ခိုင်လုံခြင်းလည်း မရှိဘူးဆိုတော့ မတရားသက်သက် ကြံစည်တာပဲ။ အစကတည်းက ပြောပါတယ်။ ကြံ့ဖွံ့က နေရာအကုန်လုံးလိုလို နိုင်ကြတယ်။ အဲတော့ မနိုင်တဲ့နည်းနည်းကျန်တဲ့ဘက်ကနေ အခုတယောက်အပါအဝင်သူကလည်း နိုင်တဲ့လူတွေထဲမှာ ပါချင်မှာပေါ့။ ပါချင်တော့ ကြံဖန်ပြီး အမှုဆင်ပြီးတော့ စွဲတာပဲလို့ ကျမတို့ ယူဆတယ်။ ဒါမဖြစ်သင့်တဲ့ ကိစ္စပေါ့နော်။"

လက်ရှိ နေပြည်တော်တရားရုံးချုပ်မှာ ရွေးကောက်ပွဲကာလ မဲမသမာမှုတွေနဲ့ ပတ်သက်ပြီး တိုင်းကြားထားတဲ့ အမှု ၁၂ မှု ဝန်းကျင်ရှိပါတယ်။

## နာဂစ်နဲ့ဂီရိမုန်တိုင်းသင့်ပြည်သူတွေကို ကူညီဖို့ ဒေါ်စုနဲ့ ဒီမိုကရေစီအင်အားစုတွေ ပန်ကြား

**RFA ၊ ဒီဇင်ဘာ ၂၉။** ။ သဘာဝဘေးအန္တရာယ်ကြောင့် အတိဒုက္ခရောက်နေကြတဲ့ မြန်မာနိုင်ငံက နာဂစ်နဲ့ဂီရိမုန်တိုင်းသင့် ပြည်သူတွေကို နှစ်သစ်မှာကူညီကြဖို့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ ဒီမိုကရေစီအင်အားစုတွေက Appeal For The Cyclone Victims of Burma မြန်မာပြည်က မုန်တိုင်းသင့် ဒုက္ခသည်တွေကိုကူညီကြပါဆိုတဲ့ပန်ကြားလွှာထုတ်ပြန်ပြီး စေတနာရှင် တသီးပုဂ္ဂလတွေ၊ အသင်းအဖွဲ့တွေနဲ့ ကမ္ဘာ့နိုင်ငံအသီးသီးကို တိုက်တွန်းနှိုးဆော်လိုက်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်နဲ့ NLD ခေါင်းဆောင်တွေ၊ ဝါရင့်နိုင်ငံရေးခေါင်းဆောင်တွေ၊ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ CRPP အဖွဲ့ဝင်တွေ၊ နိုင်ငံရေးပါတီခေါင်းဆောင်တွေနဲ့ တသီးပုဂ္ဂလလွှတ်တော် ကိုယ်စားလှယ်လောင်းတွေ စုပေါင်းလက်မှတ်ရေးထိုးထုတ်ပြန်တဲ့ ဒီ ပန်ကြားလွှာနဲ့ပတ်သက်ပြီး NLD ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦး အုန်းကြိုင်က အခုလိုရှင်းပြပါတယ်။

"ဂီရိ၊ နာဂစ် မုန်တိုင်းဒဏ်သင့်တဲ့ပြည်သူတွေကိုကူညီဖို့ ပန်ကြားလွှာ မနေ့က အဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူးနဲ့ ဝါရင့် ခေါင်းဆောင်များ၊ CRPP ခေါင်းဆောင်များ၊ နောက် အဖွဲ့ချုပ်နဲ့လူမှုရေးကွန်ယက်တွေမှာ အတူလက်တွဲလုပ်ဆောင်ဖို့သဘောတူထားတဲ့ နိုင်ငံရေးခေါင်းဆောင်တွေနဲ့ လက်မှတ်ရေးထိုးပြီးတော့ ထုတ်ပြန်လိုက်တယ်။

မုန်တိုင်းဒဏ်သင့်တဲ့ပြည်သူတွေဟာ ပြည့်ဝတဲ့ကူညီမှုတွေမရတဲ့အတွက်ကြောင့် ဘဝပြန်လည်ထူထောင်ရေးမှာ အခုထက်ထိ ပြည့်ပြည့်ဝဝအကူအညီရတာ မတွေ့ရသေးပါဘူး။ ဒါကြောင့်နှစ် သစ်ရောက်ခါနီးမှာ မုန်တိုင်းဒဏ်သင့်တဲ့ ပြည်သူတွေရဲ့အရေးကိုလည်း စဉ်းစားပေးကြပါ။ နှစ်သစ်မှာ စေတနာအသစ်တွေနဲ့ အကူအညီပေးကြပါလို့ စေတနာရှင် တသီးပုဂ္ဂလတွေ၊ အသင်းအဖွဲ့တွေနဲ့ကမ္ဘာ့နိုင်ငံအသီးသီး ကို တိုက်တွန်းနှိုးဆော်လိုက်ပါတယ်လို့ဖော်ပြထားပါတယ်။"

ဒီဇင်ဘာလ ဒုတိယပတ်အတွင်း ရခိုင်ပြည်နယ်က မုန်တိုင်းသင့်ဒုက္ခသည်တွေကို သွားရောက်ကူညီခဲ့တဲ့ CRPP နဲ့ NLD အဖွဲ့ဝင်တွေရဲ့ အတွေ့အကြုံတွေ၊ ဒေသခံပြည်သူတွေရဲ့တောင်းဆိုချက်တွေနဲ့ ကုလသမဂ္ဂရဲ့အစီရင်ခံစာတွေပါ အချက်အလက်တွေပေါ်မူတည်ပြီး ဒီ ကြေညာချက်ထုတ်ပြန်ရကြောင်းလည်း ဦးအုန်းကြိုင်က ရှင်းပြပါတယ်။

"ဒေသခံပြည်သူတွေက အားကိုးတကြီးနဲ့ သူတို့ရဲ့ဘဝအခြေအနေကိုတင်ပြပြီး အကူအညီတောင်းခံတဲ့ မေတ္တာရပ်ခံတဲ့ စာတွေပေးလိုက်ပါတယ်။ အဲဒီစာပေါင်း နှစ်ထောင်လောက် ရရှိခဲ့ပါတယ်။"

စာတွေကိုတွက်ချက်ပြီးတော့ အသေအချာ ကြည့်လိုက်တဲ့အခါမှာ အဲဒီဒေသမှာ လယ်ကေပေါင်း ထောင်သောင်းကို အကာအကွယ်ပေးဖို့အတွက် လိုအပ်နေတဲ့ ရေငံတား တမံတွေ မိုင် ၉၀ လောက်ပြန်လည်ပြုပြင်တည်ဆောက်ပေးဖို့ ရေလုပ်သားပေါင်း ၈၅၀ လောက်က စားဝတ်နေရေး ပြန်လည်လုပ်ကိုင်နိုင်ဖို့ ငါးဖမ်းစက်လှေတို့ ငါးဖမ်းပိုက်တို့ပြန်လည်ထူထောင်ပေးဖို့အကူအညီတောင်းတဲ့စာတွေ၊ နောက်ပျက်သွားတဲ့စာသင်ကျောင်းပေါင်း ၁၂၀ နဲ့ ဘုန်းကြီးကျောင်း ပေါင်း ၇၀ လောက်ကို ပြန်လည်မွန်းမံ တည်ဆောက် ပေးဖို့၊ အဲဒါတွေကို ဖြည့်ဆည်းနိုင်ဖို့ဆိုရင်တော့ ပေါက်တောနဲ့မြေပုံ ၂ မြို့နယ်ထဲ အတွက်တင် ဒေါ်လာ ၆ သန်းလောက် အကူအညီ လိုအပ် နေတယ်။"

မြန်မာပြည်က မုန်တိုင်းသင့်ဒုက္ခသည်တွေကို ကူညီပေးဖို့ မြန်မာ့ဒီမိုကရေစီအင်အားစုတွေ စုပေါင်းလက်မှတ်ရေးထိုးထားတဲ့ ဒီပန်ကြားလွှာကို ကမ္ဘာ့နိုင်ငံအသီးသီးနဲ့စေတနာရှင် အလှူရှင်အသင်း အဖွဲ့တွေကိုဒီသတင်းပတ်တွင်း ဖြန့်ဝေပန်ကြားသွားမယ်လို့သိရပါတယ်။

**Voice of Burma**

**APTO 502**
**7-18-1 Takinogawa**
**Kita Ku, Tokyo**
**Japan. 114 - 0023**

**Tel/Fax: 81 3-3949-3919**
**E-mail: sayarkway@yahoo.com**
**koko@gol.com**

**၁၉၉၅ ခု အောက်တိုဘာလ မှ စတင်၍ အပတ်စဉ် ထုတ်ဝေသည်**

**AIR MAIL**

**PRINTED MATTER**